# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၅၄)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၁၈-၈-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ် ဖိုလ်လုပွဲတက်ရောက်ခဲ့သည့်

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအား နိုင်ငံတော်က ဒေါ်လာ ၃၀၀၀၀ ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၇**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ် AFF MSIG Serenity Cup ၂၀၂၅ ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းအား (၂-၁)ဂိုးဖြင့် အနိုင်ယူပြီး ဖိုလ်လုပွဲတက်ရောက်သွားခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းဆောင်မှုဂုဏ်ပြုငွေ ဒေါ်လာ ၃၀၀၀၀ ချီးမြှင့်ခဲ့သည်။

"ပွဲစဉ်တွေအားလုံး ရှုံးပွဲမရှိ ကစားနိုင်ပြီး ဖိုလ်လုပွဲကို ထိုက်တန်စွာ ရောက်ရှိခဲ့လို့ မြန်မာ့လက်ရွေးစင်အမျိုးသမီး အသင်းသားအားလုံးအတွက် ဂုဏ်ယူပါတယ်။ စည်းလုံးညီညွတ်မှုအပြည့်နဲ့ ကြိုးစားခဲ့ကြလို့ အားရကျေနပ်မိပါတယ်။ ဖိုလ်လုပွဲစဉ်မှာ နိုင်ပွဲအတွက် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြဖို့ တိုက်တွန်းပါတယ်။ ချန်ပီယံဆုရရှိတာနဲ့ နိုင်ငံတော်ကလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မှာဖြစ်ပါတယ်။ ဒါကြောင့် ရရှိတဲ့အချိန်မှာ ဖိုလ်လုပွဲအတွက် စနစ်တကျ အာရုံစိုက်လေ့ကျင့်ပြင်ဆင်ဖို့ မှာကြားလိုပါတယ်" ဟု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းအားပေးမှုကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မြန်မာအသင်းခေါင်းဆောင် ဝင်းသီရိထွန်း၊ အသင်းတာဝန်ခံ ဒေါ်နွယ်နီဦးနှင့် ကစားသမားများထံ ဆက်သွယ်ပြောကြားခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ကစားသမားများကလည်း အားပေးဂုဏ်ပြုမှုကြောင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဖိုလ်လုပွဲစဉ်အား နိုင်ငံ့ဂုဏ်မြှင့်တင်ရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ပြောကြားခဲ့ကြသည်။




မြန်မာအမျိုးသမီးအသင်းသည် ဖိုလ်လုပွဲတက်ရောက်ခဲ့သည့်အတွက် လက်ရှိအချိန်အထိ အမေရိကန်ဒေါ်လာ သုံးသောင်းနှင့် မြန်မာငွေကျပ် သိန်းနှစ်ထောင် ဆုငွေ ရရှိထားသည်။

မြန်မာနှင့်ဗြိစတွေးလျတို့၏ ဖိုလ်လုပွဲစဉ်ကို ဩဂုတ် ၁၉ ရက်၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် Lach Tray Stadium ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ကမ္ဘာ**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ တနင်္လာနေ့။

မန္တလေး

## ပညာတတ်များဖြစ်ရန် ကြိုးစားရှာဖွေရမည်

ပညာခေတ်တွင် လူတိုင်းလူတိုင်းပညာတတ်မြောက်ရန်လိုသည်။ ပညာရှာဖွေရေးနည်းလမ်းများကလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လောကဝ္ဌ အတတ်ပညာနှင့် ပြည့်စုံသူကို ချီးကျူးပူဇော်ကြရ၏။ ထို့ကြောင့် လောကနီတိဆုံးမစာတွင် အိုချစ်သားတို့ နေ့တိုင်းနေ့တိုင်း ပညာသင်ကြပါကုန်လော့ ဟူ၍ ပညာတတ်အောင် သင်ကြားကြရန် တိုက်တွန်းထားသည်။ လူ့ဘဝတွင် ပထမအရွယ်၌ ပညာတတ်အောင် သင်ကြားကြရမည်။ ပထမအရွယ်၌ ပညာမသင်ကြားခဲ့သော် ဒုတိယအရွယ်၌ စီးပွားရှာဖွေရန်ခက်ခဲနေပေလိမ့်မည်။ စီးပွားဥစ္စာမပြည့်စုံခဲ့သော် တတိယအရွယ်၌ တရားဓမ္မရှာဖွေနိုင်မည်မဟုတ်ပေ။ စတုတ္ထအရွယ်ကွယ်လွန်ချိန်တွင်ကား ဘာမျှလုပ်နိုင်တော့မည်မဟုတ်ပေ။

အစကောင်းမှအနှောင်းသေချာ ဆိုသောစကားအတိုင်း လူ့ဘဝ၏ အဖိုးတန်ဆုံးသော အချိန်ကာလသည် ပထမအရွယ်ကျောင်းသား ကျောင်းသူများ၏ လူငယ်ဘဝဖြစ်သည်။ လူငယ်ဘဝတွင် အကောင်းဆုံးသောအရာများကို ပိုင်ဆိုင်နိုင်အောင် လုပ်ဆောင်ကြရန် အရေးကြီးလှသည်။ ကျောင်းပညာရပ်များ သင်ယူရမည့်အချိန်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို ဆုံးခန်းတိုင်အောင်သင်ကြားကြရမည်လည်းဖြစ်သည်။ အခြေခံပညာအဆင့်သည် လူငယ်ဘဝ၏ ပထမလှေကားထစ်ဟု ဆိုနိုင်သည်။ စာမေးပွဲအဆင့်အဆင့်ကို အောင်မြင်အောင် ကြိုးစားနိုင်ခြင်းသည် ပထမဆုံးသော လှေကားထစ်ကို အောင်မြင်စွာ ကျော်ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

လူငယ်ဆိုသည်မှာ တက်ကြွပြီး ကြိုးစားလိုစိတ်ရှိသည်။ လူငယ်တိုင်းတွင် တူညီသောစိတ်မှာ မခံချင်စိတ်ဖြစ်သည်။ ထိုမခံချင်စိတ်ကို ကောင်းသည့်ဘက်တွင် အသုံးပြုကာ မိမိတို့ဘဝတက်လမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ကောင်းသည့်ဘက်တွင် ယှဉ်ပြိုင်ခြင်းသည် အကောင်းဆုံးကိုရောက်အောင် ကြိုးစားခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူချင်းအတူတူ သူကစာတော်ပြီး မိမိကစာညံ့နေလျှင် သူ့လိုဖြစ်အောင် ငါလည်းကြိုးစားမယ် ဆိုသောစိတ်ဖြင့် ကြိုးစားကြရမည်ဖြစ်သည်။ ဥဏ်၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစား၍ မအောင်မြင်သော အရာဟူသည် ဤလောက၌ မရှိသေးပါ။ ကြိုးစားသူတိုင်းအတွက် အောင်မြင်မှုက လက်ကမ်းကြိုနေမည်သာဖြစ်သည်။

လူငယ်တိုင်းသည် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ကြိုးစားကြမည်ဆိုလျှင် ပထမအရွယ်ကို အောင်အောင်မြင်မြင် ဖြတ်သန်းနိုင်ကြမည်ဖြစ်သည်။ ပထမအရွယ်ကို အောင်မြင်သွားမည်ဆိုပါက ဒုတိယအရွယ်ဟူသော စီးပွားရှာဖွေချိန်တွင် အခက်အခဲရှိတော့မည်မဟုတ်ပေ။ မိမိသည် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည်ဆိုပါက မိမိကြိုးစားရရှိထားသော ဘွဲ့များအလိုက် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ မိမိတို့ရရှိထားသောဘွဲ့၊ အရည်အချင်းပေါ်မူတည်၍ အလုပ်အကိုင်အခွင့်အလမ်းမှန်သမျှ စောင့်ကြိုနေမည်သာဖြစ်သည်။ ကြိုးစားသင်ယူတတ်မြောက်ထားသော ပညာအရည်အချင်းသည် မိမိတို့ဘဝကို မြှင့်တင်ပေးသွားမည်သာဖြစ်သည်။

ယနေ့အချိန်အခါတွင် ပညာရပ်များသည် အချိန်တိုင်းတိုးတက်လျက်ရှိသည်။ ကျောင်းစာသင်ခန်းတွင် သင်ကြားနေသော သင်ခန်းစာများသည် လူငယ်တို့၏ အသိဉာဏ်ကို ဖွံ့ဖြိုးစေသည်။ စာရိတ္တကို ခိုင်မာစေသည်။ စိတ်ထားဖြူစင်မှုကို ဖြစ်ပေါ်စေသည်။

သို့ဖြစ်ရာ ပညာခေတ်တွင် ပညာရှာဖွေရန် အခွင့်အလမ်းကောင်းများရှိနေပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပထမအရွယ်တွင် ပညာတတ်များဖြစ်ရန် ကြိုးစားရှာဖွေကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ပညာဝတီသီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲ ကျင်းပ



**ပြင်ဦးလွင် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များက ပြင်ဦးလွင်မြို့၊ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့နှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ် လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အင်သာကျေးရွာရှိ ပညာဝတီသီလရှင်စာသင်တိုက်၌ ကျင်းပသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့၊ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထွေထွေသမားတော်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မျက်မှန်အထူးကုဆရာဝန်၊ ခေတ်မှန်အထူးကုဆရာဝန်၊ မျက်မှန်ကျွမ်းကျင်၊ ခေတ်ခွဲကျွမ်းကျင်၊ အကြောအဆစ်ကျွမ်းကျင်နှင့် ဆေးဝါးကျွမ်းကျင်အဖွဲ့တို့မှ သီလရှင် ဆရာကြီး၊ ဆရာလေးများ၊ စုစုပေါင်း ၆၀ ပါးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ဆေးဝါးများ အခမဲ့လှူဒါန်းခဲ့ကြသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မမနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ပညာဝတီသီလရှင်စာသင်တိုက်ရှိ သီလရှင် ဆရာကြီး၊ ဆရာလေးအပါး၆၀အတွက် ဆန်၊ ဆီ၊ ကြက်ဥချောင်း၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥတို့အား တာဝန်ခံကျောင်းတိုက်ဆရာကြီးထံသို့ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

၀-၀-၀-၀-၀

## အင်တာနက်ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် စားသုံးသူရေးရာဦးစီးဌာနမှ ဖြေရှင်းပေး



**မန္တလေး ဩဂုတ် ၁၇**

အင်တာနက်ဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားလာခြင်း အပေါ် စားသုံးသူရေးရာဦးစီးဌာနမှ ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်မှ စားသုံးသူတစ်ဦးသည် အင်တာနက်ကုမ္ပဏီတစ်ခု၏ Power Fiber Internet ကို ၂၀၁၉ ခုနှစ်မှ စတင်အသုံးပြုခဲ့ပြီး ၂၇-၃-၂၀၂၅ ရက်တွင် သုံးလစာငွေ(၈၆၀၀၀ကျပ်)ဖြင့် သက်တမ်းတိုးဆောင်ရွက်ခဲ့ရာ (၂၈-၃-၂၀၂၅) ရက်မှစတင်ကာ လိုင်းပြတ်တောက်နေပါသဖြင့် customer service သို့ အကြိမ်ကြိမ် ဆက်သွယ်၍ ပြင်ဆင်ပေးရန် ပြောကြားသော်လည်း ဆောင်ရွက်ပေးမှုမရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System သို့ ဆက်သွယ်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် အင်တာနက်ကုမ္ပဏီ၏ တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ တာဝန်ရှိသူများ၏ စိစစ်မှုအရ တိုင်ကြားသူ အသုံးပြုနေသော တည်နေရာမှာ ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းထန်လှေျင် ဒဏ်ကြောင့် အဆိုပါနေရာသို့ သွယ်တန်းထားသော အင်တာနက်ဖိုင်ဘာဆက်ကြောင်းများ ပျက်စီးခဲ့ရပြီး ယခုအချိန်ထိ ပြန်လည်အစားထိုး ပြုပြင်ဆောင်ရွက်ဆဲဖြစ်သည့်အတွက် လတ်တလော အခြေအနေများအရ ဝန်ဆောင်မှု ပေးနိုင်ခြင်းမရှိသေးကြောင်း သိရှိရသည့်အတွက် တိုင်ကြားသူထံသို့ ဆက်သွယ်၍ လတ်တလော အခြေအနေဖြင့် Power Fiber Internet ဝန်ဆောင်မှုမပေးနိုင်သေးသည့် အကြောင်းရင်းအား အသေးစိတ်ရှင်းလင်းပြောကြားပြီး ဖြစ်ပါကြောင်း၊ ဝန်ဆောင်မှုအသုံးပြုရန် သက်တမ်းတိုးခဲ့သည့် သုံးလစာ (၈၆၀၀၀ကျပ်)ကို စိစစ်တွက်ချက်၍ အမှန်တကယ်ပြန်လည်အမ်းပေးရမည့်(၈၂၁၇၈ ကျပ်)ကို တိုင်ကြားသူ၏ (Kpay Account )သို့ ပြန်လည်လွှဲပေးခဲ့ပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပြီး တိုင်ကြားသူကလည်း ကျေနပ်မှုရှိပါသဖြင့် တိုင်ကြားမှုကိုလည်း ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုများကို တိုင်ကြားလိုပါက စားသုံးသူရေးရာဦးစီးဌာန၏ (Consumer Call Center-1535) နံပါတ်ကို ကြိုက်နှစ်သက်ရာ အော်ပရေတာဖုန်းနံပါတ်များဖြင့် ခေါ်ဆို၍လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ website (http://www.doca.gov.mm/) သို့ ဝင်ရောက်၍သော်လည်းကောင်း တနင်္လာနေ့မှ သောကြာနေ့ထိ၊ နံနက် ၉နာရီခွဲမှ ညနေ ၄နာရီခွဲထိ၊ အစိုးရရုံးဖွင့်ရက်များတွင် ဆက်သွယ်တိုင်ကြားနိုင်သည်ဟု သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက် သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ မင်္ကရာနှင့် ပလိပ်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၇

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကိုလျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများကလှူဒါန်းသည့် ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီ၊ ဓာတ်တော်၊ စေတီတော်များနှင့်အလှူငွေများကို သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကာ သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဥမင်သုံးဆယ်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ဦးခေါင်းတော်ထိခိုက်ပျက်စီးခဲ့သော ဆင်းတုတော်များကို မူလပုံအတိုင်း ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ “စစ်ကိုင်းအစ၊ စေတီလှက” ဆိုသည့်အတိုင်း စေတီလှဘုရား ငလျင်ကြောင့် တစ်ဆူလုံးကြေမွပျက်စီးသွားသည့် အခြေအနေများကိုလည်းကောင်း၊ စေတီလှဘုရားအနီးရှိ ငလျင်ကြောပေါ်တည်ရှိနေ၍ တစ်ဆူလုံးတိမ်းစောင်းကြေမွထိခိုက်ပျက်စီးနေသည့် ရွှေမုဋ္ဌောဘုရားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပျူကံစေတီအစုသို့သွားရောက်၍ ကုန်းဘောင်ခေတ် အင်္ဂတေပန်းလက်ရာများကျန်ရှိနေသည့် ရှေးဟောင်းစေတီဘုရားခုနစ်ဆူအား ဂရုတစိုက်ပြုပြင်ထိန်းသိမ်းသွားရန်၊ ရှေးဟောင်းလက်ရာအင်္ဂတေပန်းများ ကြံ့ခိုင်ရေးပါ ဓာတုဗေဒဆေးဖြင့်ထိန်းသိမ်းရန် မှာကြားသည်။



ယင်းနောက် စစ်ကိုင်းမြို့ အသင်္ခယာရိပ်သာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးသွားသော စေတီတော်များပြုပြင်ထိန်းသိမ်းရာတွင် ထည့်သွင်းဌာပနာရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓာတ်တော်များ၊ ဓမ္မစေတီများကို ပေးအပ်လှူဒါန်းသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုး စုစုပေါင်း ၁၁၈ ခုအနက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ဦးစားပေးအဆင့်အလိုက် အဆင့်များခွဲခြားပြီး ဆောင်ရွက်လျက်ရှိရာ ပထမဦးစားပေးအဆင့်ပြုပြင်ရန် ဘုရား ၉၅ ဆူအနက် နှစ်ဆူဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ၁၀ ဆူဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မင်္ကရာဒေသရှိ ဆေးဘုရားနှင့် ဘုရားငါးဆူတွင် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများလှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်အလယ်ဌာပနာသွင်းမင်္ဂလာကို ရွှေရောင်တော်ဆရာတော်ကြီးနှင့် ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ဦးဆောင်၍ ဆောင်ရွက်တော်မူကြပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်တော်မွေတော်များကို ဩဝါဒါစရိယဆရာတော်များထံကပ်လှူပြီး ပြုပြင်လျက်ရှိသည့် ဘုရားနှစ်ဆူတွင် ထည့်သွင်းဌာပနာသည်။

ယင်းနောက် ပလိပ်မြို့ မြွေဘုရားပရဝဏ်အတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ၊ စေတီဘုရားများအား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ၇ ရက် သားသမီးများလှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များ၊ ဝါဆိုသင်္ကန်းနှင့် လှူဒါန်းငွေများကို ဆရာတော်များထံသို့ ဆက်ကပ်လှူဒါန်းသည်။

ပလိပ်ဒေသတွင် မန္တလေးငလျင်ကြီးကြောင့် ရှေးဟောင်းဘုရား ၂၉၄ ဆူအနက် ၂၄၉ ဆူ ထိခိုက်ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်လှူဒါန်းလိုသော အလှူရှင်များ၏ လှူဒါန်းမှု၊ ဂေါပကအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်မှုတို့ဖြင့် မူလဓာတ်ပုံများ၊ အထောက်အထားများအတိုင်း ပြန်လည်ပြုပြင်လျက်ရှိရာ လေးဆူပြုပြင်ပြီးစီးပြီး နှစ်ဆူပြုပြင်နေဆဲဖြစ်သည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများအား ပြန်လည်ပြုပြင်ရန် လှူဒါန်းလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဂေါပကအဖွဲ့များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မန္တလေး၊ စစ်ကိုင်းဒေသရှိ ရှေးဟောင်းဘုရားများပြုပြင်ရန် လှူဒါန်းထားခဲ့သည့် အလှူရှင်များအနေဖြင့် မိမိတို့ဘိုးဘွား၊ မိဘ အဆက်ဆက်လှူဒါန်းခဲ့သည့် ရှေးဟောင်းဘုရားများ ထိခိုက်ပျက်စီးမှု ရှိ/မရှိ သိရှိလိုပါက အထက်ပါဌာနများသို့ဖြစ်စေ၊ myanmarearthquake.gov.mm Website တွင်ဖြစ်စေ စုံစမ်းမေးမြန်းကြည့်ရှုနိုင်ကြောင်းနှင့် ပျက်စီးမှုပြန်လည်ပြုပြင်လိုပါကလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မီတာစမ်းသပ်စစ်ဆေးရေးဌာန(Test Lab)မှ မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုနှင့် ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင်နေရာချထားမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၇

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မီတာစမ်းသပ်စစ်ဆေးရေးဌာန (Test Lab) မှ မီတာများ စမ်းသပ်စစ်ဆေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## လိုက်လံကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စမ်းသပ်စစ်ဆေးပြီး မီတာများကို မြို့နယ်များသို့ အချိန်မီပို့ဆောင်သွားရန်နှင့် ပြည်သူလူထု အမြန်ဆုံးတပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်၊ အောက်မြန်မာပြည်အတွက်အသုံးပြုမည့်မီတာများကို ရန်ကုန် (Test Lab)မှ စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နေပြည်တော် (Test Lab) အနေဖြင့် အထက်မြန်မာပြည်အတွက် အသုံးပြုမည့် မီတာများကို အဓိကဦးစားပေး၍ စမ်းသပ်စစ်ဆေး ဆောင်ရွက်သွားရန်၊ အသုံးပြု၍မရတော့သည့် ပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းမှ ပယ်ဖျက်၍ ရှင်းလင်းဆောင်ရွက်သွားရန်မှာကြားပြီး မီတာများ စမ်းသပ်စစ်ဆေး ဆောင်ရွက်နေမှု၊ အသားတံဆိပ်ရိုက်နှိပ်ခြင်း ဆောင်ရွက်နေမှု၊ မီတာ Voltage Supply လုပ်ငန်းဆောင်ရွက်နေမှုနှင့် မီတာများ ဆီးလ်ခတ်ခြင်းနှင့် ဘားကုတ်ထည့်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

## လိုအပ်သည်များမှာကြား

ထို့နောက် ပစ္စည်းသိုလှောင်ရေးစတိုအတွင်း ထိန်းသိမ်းထားရှိသည့် ဓာတ်အားလိုင်း/ ဓာတ်အားခွဲရုံသုံးပစ္စည်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

## ထောက်ပံ့ပေးအပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ် (၆) နှင့် ဓာတ်အားခွဲရုံ အမှတ်(၁) တို့သို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံများ ဝင်းအတွင်း၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင် နေရာချထားမှု၊ နေထိုင်နေမှု၊ မီးဖိုဆောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းများ ဆောင်ရွက်ထားရှိမှုနှင့် လျှပ်စစ်မီးများ သွယ်တန်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် Container House များတွင် နေရာချထားမှု ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစား(၅၂၁)ဦးအား One stop Service ဖြင့် UID ကတ်ပြုလုပ်ပေး

တာချီလိတ် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစား (၅၂၁)ဦးအား One stop Service ဖြင့် UID ကတ် ပြုလုပ်ပေးခဲ့သည်။

တာချီလိတ်မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အိမ်တိုင်ရာရောက်ကွင်းဆင်း၍ Biometric Data ကောက်ယူပြီး UID ကတ် ပြုလုပ်ပေးခြင်းကို ဇူလိုင် ၂၁ ရက်မှစ၍ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား (၅၂၁) ဦးအား One stop Service ဖြင့် UID ကတ် ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

သန်းဇော်




## ၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
၂။ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
၃။ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
၄။ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့ညနေ ၃ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ) တို့၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဩဂုတ် ၁၉ ရက်တွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း- အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့်ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနိန္ဒ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် သံဃာတော်များအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အရာရှိကြီး တစ်ဦးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃာ့ဝန်ဆောင် လယ်ဝေးမြို့ မြို့ဦးသံလမ်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၁၈ သိန်း ၈ သောင်း၊ ဆန် ၇၄၇ အိတ်၊ ဆီ ၃၁၈ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၂၁၈၂ ပိဿာ၊ ဆား ၂၁၈၂ ပိဿာ၊ ဆေးမျိုးစုံ ၉၃၆ ဘူး တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၆) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

နေပြည်တော် ဩဂုတ် ၁၇

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ (ယာပုံ) တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# ညောင်ဦးမြို့နယ်၌ ဆီထွက်သီးနှံမြေပဲ စိုက်ပျိုးပြီးစီး မိုးရွာသွန်းမှုကောင်းခြင်းကြောင့် တောင်သူများ မြေပဲအထွက်နှုန်းကောင်းရန် မျှော်လင့်

ညောင်ဦး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ယခုနှစ်မိုးရာသီ၌ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ စိုက်ပျိုးထားသည့် ပင်ပြန့်မြေမဲ၊ ပင်ထောင်မြေပဲများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ညောင်ဦးမြို့နယ်အတွင်းနှင့် ငါ့သရောက်မြို့၊ ပုဂံမြို့တို့တွင် ကျေးလက်တောင်သူများ မြေပဲစိုက်ပျိုးမှုများပြားလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ကျေးလက်တောင်သူများ ပူးပေါင်းကာ မြေပဲအထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး၊ အချိန်မီ စိုက်ပျိုးနိုင်ရေးတို့အတွက် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ယခုနှစ် မြေပဲစိုက်ပျိုးမှု ပင်ပြန့်မြေပဲနှင့် ပင်ထောင်ဆီထွက်သီးနှံမြေပဲ စုစုပေါင်း စိုက်ဧက (၁၂၁၁၁၉)ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ ညောင်ဦးမြို့နယ်တွင် မိုးရွာသွန်းမှုကောင်းခြင်းနှင့်အတူ ဇွန်လနှင့် ဇူလိုင်လတို့တွင် မြေပဲစိုက်ပျိုးသူများပြားခြင်း၊ စိုက်ပျိုးပြီးမြေပဲအပင်ဖြစ်ထွန်းမှု ကောင်းမွန်ကြကာ မြေပဲစိုက်ပျိုးတောင်သူများ မြေပဲနုတ်သိမ်းချိန် မြေပဲအထွက်နှုန်းကောင်းရန် မျှော်လင့်နေကြောင်း၊ ညောင်ဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးခြင်းအား မြေပဲသီးသန့်စိုက်ပျိုးခြင်း၊ မြေပဲအား ပဲစင်းငုံ၊ ပဲတီစိမ်းတို့နှင့် သီးထပ်စိုက်ပျိုးခြင်းများ စိုက်ပျိုးလျက်ရှိ ကြောင်း သိရသည်။

(၄၈၁)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား(၃)ခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) Format | JPG A3 (297 x 420 mm) with the correct aspect ratio၊ |
| (၂) Resolution | 300 dpi၊ |
| (၃) File Size | 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ၊ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ် ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလွဲလွဲအောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) File Submission Format | JPG၊ A3 (297x420 mm) with correct aspect ratio၊ |
| (၂) Resolution | 300 dpi၊ |
| (၃) File Size | 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့်ကိရိယာများအသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများအသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ်ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဥ၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) Format | mp 4၊ |
| (၂) Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) Sound | 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ) နှင့် နိုင်ငံ စသည့်အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယို (၁၀)ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သောစာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊


(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ကျောက်ဆည်မြို့နယ် ရဲဘော်ကြီးကျေးရွာတွင် ချည်မျှင်ရှည် ဝါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကျောက်ဆည် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးချည်မျှင်ရှည် ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ တောင်သူများနှင့် ပူးပေါင်း၍ ဒေသနှင့်ကိုက်ညီသည့် ဝါမျိုးစေ့များ ဖြန့်ဝေပေးလျက်ရှိပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး နည်းအသိပညာများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း နှင့် ရဲဘော်ကြီးကျေးရွာတွင် စိုက်ပျိုးထားသော ချည်မျှင်ရှည် ဝါသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးချည်မျှင်ရှည် ဝါသီးနှံများကို သင်းဒီးစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းနှင့် သင်းတွဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းများမှ ကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြပြီး သင်္ဂတုံကျေးရွာ အုပ်စု၌ (၂၃)ဧက၊ ကလေးကျေးရွာအုပ်စု၌(၁၈)ဧက၊ မိုင်းပန်ကျေးရွာအုပ်စု၌ (၄၇၅)ဧက၊ ရှမ်းတောင်ဦးကျေးရွာအုပ်စု၌(၁၀)၊ ရဲဘော်ကြီးကျေးရွာအုပ်စု၌ (၅၀၂)ဧက၊ ရဲယမန်းကျေးရွာ အုပ်စု၌(၉၄၆)ဧက၊ ပေါင်လောင်ကျေးရွာအုပ်စု၌ (၃၁၀)ဧက၊ တောင်တော်ကျေးရွာအုပ်စု၌ (၄၃၁)ဧက၊ ကင်းကျေးရွာအုပ်စု၌(၃၄၅)ဧက စိုက်ပျိုးပြီးကြောင်း သိရှိရပြီး ရွှေတောင်(၈)၊ ရွှေတောင်(၁၀)နှင့် B-31 ဝါမျိုးများ အဓိကထား စိုက်ပျိုးကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

၀-၀-၀-၀-၀

## ကျွန်းလှမြို့နယ်၌ မိုးစပါး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ရှမ်းစုကျေးရွာ၊ ကွင်းအမှတ်(၄၉၆) တောင်သူ ဦးနိုင်၏ လယ်မြေ ၂ ဧက၌ ကျင်းပသည်။

"ကျွန်းလှမြို့နယ်မှာ စပါးသီးနှံကို နည်းလမ်းမျိုးစုံနဲ့ စိုက်ပျိုးထုတ်လုပ်ကြပါတယ်။ အခုလို မျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာခြင်း၊ လုပ်သားအင်အားနည်းခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လေဝင်လေထွက်ကောင်းမွန်ခြင်း၊ ပေါင်းထိုးတမန်းနှိုးလွယ်ကူခြင်း၊ အထွက်နှုန်းကောင်းခြင်း စတဲ့ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြော သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့် စိုက်ပျိုးရေး ပညာရှင်များက မျိုးစေ့ချကိရိယာဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး လက်တွေ့ပြသကြရာ ဒေသခံတောင်သူများ လေ့လာကြည့်ရှုခဲ့ကြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ ၂၉၅၇၂ ဧက (၈၆ ဒသမ ၇၃) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုး၊ ရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)**

**မျိုးဝင်းညို(ကျွန်းလှ)**

၀-၀-၀-၀-၀



# အိုဘယ့်ချင်းမိုင်(၈)



ချင်းရိုင်မြို့ရှိ မြဘုရား။

### ဘုရားပြာမှသည်

ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရ လေ့လာရေးအဖွဲ့သည် ဘုရားပြာမှသည် တစ်ညတာ တည်းခိုမည့် ရာဆာ (RASA) ဒေသန္တရဟိုတယ်သို့ ထွက်ခွာသောအခါ ည ၆ နာရီ မိနစ် ၃၀ ရှိပါပြီ။ မကြာမီ မှောင်ရီပျိုး၍ မြို့ပြ၏လျှပ်စစ်မီးများလည်း လင်းလက်လာသည်။ ကားမောင်းချိန် မိနစ် ၂၀ ခန့်ကြာသောအခါ တစ်ညတာ တည်းခိုမည့် ချင်းရိုင်မြို့လယ်ရှိ ရာဆာဟိုတယ်သို့ ရောက်လေသည်။

ရာဆာဟိုတယ်မှာ အလယ်အလတ်အဆင့်ရှိ ဟိုတယ်တစ်ခုဖြစ်ပြီး အသွင်အပြင်က ထိုင်းတို့၏ ရိုးရာဂန္ထဝင်ဟန်ကို ဦးစားပေးထားသည်။ ကျွန်တော်နှင့် ကိုကျော်နိုင်ဝင်းလည်း ဟိုတယ်ပထမထပ်နှစ်ယောက်ခန်းတစ်ခန်းတွင် နေရာရလေသည်။ အခန်းမီးများဖွင့်၊ ခရီးဆောင်အိတ်များကို နေရာချပြီး ခုတင်ပေါ်ပစ်၍ လှဲလိုက်စဉ် နံရံတစ်ဖက်တွင် သေသပ်စွာ ကပ်ထားသော ရွှေခြည်ထိုး ဘော်ကြယ်စေ့ပိတ်စနှင့် ဖန်တီးထားသော ပန်းချီကားနှစ်ခုကို တွေ့ရလေသည်။ အဝတ်စပေါ်တွင် လေးထောင့်မှန်ကွက်များသည် ဝါ၊ စိမ်း၊ နီ၊ ပြာ၊ ကတ္တီပါအညိုရင့်ရောင် စသည်ဖြင့် ဖန်တီးထားသည်။ ထိုအရောင်စုံပိတ်စများကို ဘော်ငွေစေ့များ စီခြယ်၍ ချိတ်ဆက်ထားခြင်းဖြင့် လှပသော ရောင်စုံစတုရန်းကွက်များ၊ စတုဂံကွက်များ ဖြစ်ပေါ်လာသည်။ ထိုအကွက်များအတွင်း ပန်းပွင့်များ၊ လိပ်ပြာများ၊ ပန်းကနုတ်များဖြင့် တန်ဆာဆင်ထားရာ တစ်မျိုးတစ်ဖုံ ဆန်းသစ်နေသဖြင့် ကျွန်တော်သည် ခုတင်ပေါ်မှထကာ ကင်မရာဖြင့် မှတ်တမ်းတင်လိုက်သည်။ ရည်ရွယ်ချက်များမှာ မန္တလေးရွှေမြို့တော်သို့ ပြန်ရောက်လျှင် တောင်မြို့ရှိ ရွှေခြည်ထိုးလုပ်ငန်းနှင့်မကင်းသော မိတ်ဆွေများကို ပြသရန်ဖြစ်သည်။

ဖေဖော်ဝါရီလ နောက်ဆုံးပတ် ထိုနေ့ည နွေဦးအစ မိုးသည် ရုတ်တရက်သည်းထန်စွာ ရွာချလေသည်။ စောစောက ပူနွေးနွေး အိုက်စပ်စပ်ရှိရာမှ အတန်အသင့်သည်းထန်သော မိုးကြောင့် ချမ်းအေးစပြုလာသည်။ လူထူးဆန်းနှစ်ယောက်ဟုဆိုရမည့် ကိုဆံရှည်နှင့် ကိုဘရောင်းတို့မှာ မိုးသည်းသည့်ကြားမှပင် ဟိုတယ် မြေညီထပ်ပန်းခြံအနီးရှိ ရေကူးကန်၌ ရေကူးကြလေသည်။

ကျွန်တော်၏ အခန်းဖော် ကိုကျော်နိုင်ဝင်းလည်း အခန်းနီးချင်း မိတ်ဆွေတစ်ဦးနှင့်အတူ စကြံတစ်နေရာတွင် မိုးအေးအေး၌ ဆေးလိပ်ကလေးကိုယ်စီနှင့်အတူ ငြိမ့်နေကြသည်။ ကျွန်တော်ကမူ ထိုနေ့ ခရီးပန်းသဖြင့် ရေမိုးချိုးကာ ခုတင်ပေါ်ရောက်သည်နှင့် ဘုရားအာရုံပြု၍ မကြာမီအိပ်ပျော်ခြင်းသို့ ရောက်လေသည်။

**'ချင်းရိုင်မြို့က မြဘုရား'**

*** မြဘုရား**
**မြကျောက်သားပကတိ။**
*** မင်းမြောက်တန်ဆာ**
**ဆင်ယင်ကာ ရွှေစလွယ်နှင့်**
**ဘယ်ခြေဝယ် ညာခြေတင်လို့**
**ကြာပလ္လင် သုံးဆင့်ပြိုင်ကာ**
**ထိုင်တော်မူ၏ ။**

'၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်'

ထိုနေ့နံနက် ကျွန်တော်အိပ်ရာမှ စောစောထပြီး မြေညီထပ်သို့ဆင်းကာ ရေကူးကန်ဘက်သို့ လျှောက်လာခဲ့သည်။ နံနက်ခင်း အလင်းရောင်တို့ အားကောင်းလာချိန်တွင် ရေကန်ဝန်းကျင်ရှိ ပန်းမျိုးစုံ၏ ရနံ့တို့ကလည်း ကျွန်တော့်နှာခေါင်းဝသို့ တိုးဝင်လာသည်။ ကျွန်တော်သည် ရေကန်နဖူးမှ လေကောင်းလေသန့်တို့ကို တစ်ဝရှူသွင်းပြီးနောက် အခန်းသို့ပြန်ကာ မကြာမီ ကိုကျော်နိုင်ဝင်းနှင့်အတူ စားသောက်ခန်းသို့ ဆင်းခဲ့သည်။ ထုံးစံအတိုင်း လူငယ်များဖြစ်သော ကိုဆံရှည်နှင့် ကိုဘရောင်းတို့က အရင်ရောက်နှင့်နေသည်။ အားလုံးက မိမိတို့နှစ်သက်ရာကို ရွေးချယ်စားသုံးပြီးနောက် ကျွန်တော်တို့ အုပ်စုသည် ရေးဟောင်းအုတ်ချပ်များ စီခင်းထားသော ဟိုတယ်ရှေ့ကွင်းပြင်၌ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ခရီးစဉ်ကို ဦးဆောင်သူ မသူက ရှေ့ဆက်မည့်ခရီးလမ်းကြောင်း အစီအစဉ်ကို အောက်ပါအတိုင်း ပြောလာပါသည်။

ပထမဦးစွာ ချင်းရိုင်မြို့ရှိ မြဘုရား Emeral Buddha ကို ဖူးမြော်ပါမည်။ ဒုတိယ မယ့်ကချန် Mae Kachan ရေပူစမ်းသို့ သွားရောက်လေ့လာပြီး ဒေသန္တရရိုးရာစားသောက်ဆိုင်တွင် နေ့လယ်စာ စားသုံးမည်။ တတိယ Art and Paradise ပန်းချီပြခန်း၊ စတုတ္ထလေ့လာရန်နေရာအဖြစ် ချင်းမိုင်မြို့ဟောင်း The Phae Gate နန်းတော်ဂိတ်သို့ လေ့လာမည်။ နောက်ဆုံးအစီအစဉ်အဖြစ် ချင်းမိုင်မြို့ Holiday Garden Hotel တွင် ညနေစာ သုံးဆောင်ပါမည်တဲ့။

တစ်ဆက်တည်းမှာပင် မသူက သူ့တာဝန်ပြီးဆုံးပြီဖြစ်၍ ရှေ့ခရီးစဉ်တို့ကို Dream Journey ခရီးသွားကုမ္ပဏီမှ မမိုင် ဆက်လက်တာဝန်ယူမည်ဖြစ်ကြောင်း၊ သုံးရက်တာမျှ ခင်မင်ခွင့်ရခဲ့သည့် မိတ်ဆွေများနှင့်အတူ သွားလာခဲ့သည်ကို မမေ့ပါကြောင်း၊ သူ့လိပ်စာကတ်ကို ထုတ်ပေးထားကာ အလွမ်းစကားဆိုလာသဖြင့် ကျွန်တော်တို့ကလည်း မသူကို မမေ့ဘဲ အမှတ်ရနေမည်ဖြစ်ကြောင်း နောင်တွင်လည်း ပြန်လည်ဆုံတွေ့ဖို့ မျှော်လင့်ပါကြောင်း နှစ်သိမ့်စကားများဆိုကြလျက် ချင်းရိုင်မြို့တွင်းရှိ မြဘုရားကို ဖူးရန် သက်ဆိုင်ရာ ကားများပေါ်တက်ကာ မသူနှင့် RASA HOTEL ကို လက်ပြကာ နှုတ်ဆက်ခဲ့ကြသည်။ တကယ်တော့ မသူ၏ခရီးသွားလမ်းညွှန်အလုပ်က ခရီးသည်တွေကို သက်ဆိုင်ရာဒေသန္တရသုတတွေကို မျှဝေရင်း အတွေးအမြင်ကို ဆန့်တန်းရသည့်အလုပ်မို့ စိတ်ချမ်းသာစရာကောင်းသည့်အလုပ်တစ်ခု၊ စိတ်ထားတတ်လျှင် ပညာပါရမီပင် ဖြစ်နိုင်သည် မဟုတ်ပါလား။

ချင်းရိုင်မြို့လယ်ရှိ မြဘုရားကျောင်းတော်သည် RASA HOTEL နှင့် သိပ်မဝေးလှ။ မိနစ် ၂၀ ခန့် ကားမောင်းသည်နှင့် မြဘုရားကျောင်းတော်သို့ ရောက်ရှိလေသည်။ ကားပေါ်ကဆင်းလိုက်သည်နှင့် မြဘုရားကျောင်းတော်သည် အတန်အသင့်ကျယ်ပြန့်သော ဥယျာဉ်ကြီးအတွင်း၌ တည်ရှိနေကြောင်း သိလိုက်ရသည်။ မြဘုရားကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိကျောင်းတော်မှာ သိပ်မကြီးလှ၊ စတုဂံပုံ ကုလားကျောင်းကို ကျွန်းညိုရောင်သစ်သားတိုင်လုံးကြီးများနှင့်တည်ဆောက်၍ အမိုးလျှောသုံးခုပါကျောင်းတော်ဖြစ်သည်။ သစ်ပင်ကြီးများနှင့် အေးချမ်းငြိမ်သက်သော ကျောင်းတော်အတွင်း၌ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်း(အနုပညာလက်ရာအမွှမ်းအပြောက်များပါ၍ သစ်နှင့်တည်ဆောက်ထားသည်)နှင့် အခြားသော သာသနိကအဆောက်အအုံများကို တွေ့ရသည်။

ကျေးငှက်သာရကာတို့သည် အမျိုးအစားစုံလင်သော သစ်ပင်ကြီးတို့အပေါ်မှ ဘာသာဘာဝတေးသီကာ ဖိုမခေါ် ထူးပျော်မြူးကြဟန်ရှိသည်။ ဂန္ဓကုဋိကျောင်းတော်အတွင်း ခြောက်ပေခန့်မြင့်သော ကြာပလ္လင်ထက် ကျောင်းဆောင်ငယ်အတွင်း၌ မြကျောက်ရတနာနှင့် အတိပြီးသော မြဘုရားဆင်းတုတော် စံမြန်းတော်မူသည်။

ကြာသုံးဆင့်ပါ ပလ္လင်ထက်ကျောင်းဆောင်ငယ်အတွင်း၌ မြကျောက်ရတနာအတိပြီးသော ဗုဒ္ဓရုပ်ပွားတော်သည် အစိမ်းရင့်ရောင် ရှိသည်။ ရွှေပိန်းချထားသော မကိုဋ်တော်ကို ဆင်မြန်းလျက် ဘယ်ခြေပေါ်ကို ညာခြေတင်ကာ ထိုင်တော်မူပုံဖြစ်သည်။ ဘယ်လက်ဖဝါးပေါ်သို့ ညာလက်ဖဝါးကို တင်ထားသည်။ ခေါင်းဆောင်းမှာ ထိုင်းတို့၏ ရိုးရာဟန်အတိုင်း စုလစ်အချွန်ပါရှိသည်။ စုလစ်အချွန်ထက် စံကျောင်းငယ်၏ အမိုးမှ ချိတ်ဆွဲထားသော ထီးတော်မှာ မွန်ထီးပုံ ဖြစ်သည်။

ကျွန်တော်သည် ယခင်က ချင်းရိုင်မြို့၌ မြဘုရားကိန်းဝပ်စံပယ်ကြောင်းကို မသိခဲ့ချေ။ ဘန်ကောက်မြို့တော်တွင်သာ မြဘုရားစံပယ်ကြောင်း သိရှိထားသည်။ လူအများအသိတွင်လည်း ကျွန်တော်တို့လိုပင်ဖြစ်မည်ထင်သည်။ နေရာနှစ်ခု၌ မြဘုရားနှစ်ဆူက မျက်မှောက်ကာလတိုင် စံပယ်နေသည်မှာ အကြောင်းရင်းအထောက်အထား အမှန်ရှိပေလိမ့်မည်။ ပမာဆိုသော် ကျွန်တော်တို့ မြန်မာနိုင်ငံ မန္တလေးရွှေမြို့တော်၌ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသကဲ့သို့ ရခိုင်ပြည်နယ် ကျောက်တော်မြို့၌လည်း မဟာမုနိဘုရား စံပယ်တော်မူသည် မဟုတ်လော။

ချင်းရိုင်မြို့ရှိ မြဘုရားနှင့် ဘန်ကောက်မြို့တော်ရှိ မြဘုရားတို့ ဆက်စပ်မှု သမိုင်းအထောက်အထားကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။ ဤသမိုင်းကြောင်းသည် မြန်မာနိုင်ငံအနော်ရထာမင်းနှင့်လည်း ဆက်စပ်မှုရှိသည်။ ပုဂံပြည်အနော်ရထာမင်း အေဒီ(၁၀၄၄-၁၀၇၇)လက်ထက် သီဟိုဠ်(သီရိလင်္ကာ)ဘုရင်က ချစ်ကြည်ရေးလက်ဆောင်အဖြစ် မြဘုရားကို ပင်လယ်ရေကြောင်းဖြင့် ပုဂံပြည် အနော်ရထာမင်းထံသို့ ပို့ဆောင်ဆက်သစေသည်။ မြဘုရားကို ပင့်ဆောင်လာသော သင်္ဘောမှာ လမ်းခရီး၌ မုန်တိုင်းမိ၍ မြန်မာနိုင်ငံဆိပ်ကမ်းသို့ မရောက်ဘဲ ထိုင်းကမ်းခြေသို့ ရောက်ရှိသွားခဲ့သည်။ ဘုရားကို ပင့်ဆောင်လာသော သီဟိုဠ်ဘုရင်၏ သံတမန်တို့က ကြောက်ရွံ့ပြီး ဆက်လက်မပို့ဆောင်ရဲသည့်အတွက် မြဆင်းတုတော်မှာလည်း ကုန်းလမ်းမှတစ်ဆင့် လာအိုနိုင်ငံသို့ ရောက်ရှိကာ လာအိုဘုရင်က အမြတ်တနိုးကိုးကွယ်ခဲ့သည်ဟု ဆိုသည်။

ထိုအကြောင်းကို သီဟိုဠ်ဘုရင်က သိရသည့်အခါ ပုဂံပြည့်ရှင် အနော်ရထာမင်းထံ အကြောင်းကြားခဲ့သည်။ နှစ်နိုင်ငံကဘုရင်တွေနှင့် မိတ်ဝတ်မပျက်လိုသော အနော်ရထာဘုရင်သည် သီဟိုဠ်ဘုရင်ကို ဖိတ်ခေါ်ပြီး မြဘုရားကို လာအိုဘုရင်ထံ ရေစက်ချ လှူဒါန်းခဲ့သည်ဟု ဆိုသည်။ အနော်ရထာဘုရင်ထံမှ မျက်နှာသာ ရလိုသည့် သီဟိုဠ်ဘုရင်သည် အနော်ရထာဘုရင်နှင့်အတူ ရေစက်ချလှူဒါန်းခွင့်ရသည့်အတွက် ကျေနပ်နှစ်သိမ့်မှုဖြစ်ရသည်။ အကြောင်းမှာ ထိုအခါက အင်အားကြီးသော အနော်ရထာဘုရင်က သံတမန်နည်းဖြင့်ဖြစ်စေ ပြန်တောင်းလျှင် ပေးရမည်မှာ အမှန်ဖြစ်သည်။ ယခုကဲ့သို့ ရေစက်ချလှူဒါန်းသည့်အတွက် လာအိုဘုရင်ကလည်း အနော်ရထာမင်းကို ပိုမိုကြည်ညိုလေးစားခဲ့သည်ဟု သမိုင်းက ဆိုသည်။

ဤကဲ့သို့ သမိုင်းအစဉ်အလာကြီးမားသည့် မြဘုရားကို ထိုင်းက လာအိုထံမှ ရယူကာ လာအိုနိုင်ငံမြို့တော် လွမ်ပရာဘမ်မှ ထိုင်းနိုင်ငံကို ပင့်ဆောင်ခဲ့သည်။ သမိုင်းအထောက်အထားအရ အေဒီ ၁၀၃၄ ခုနှစ် ထိုင်းနိုင်ငံမြောက်ပိုင်း မျက်မှောက်ကာလ ချင်းမိုင်ခရိုင်တွင် ဗုဒ္ဓဆင်းတုတော်ကို အင်္ဂတေများဖုံးအုပ်ပြီး တွေ့ခဲ့ရသည်။ ဆင်းတုတော်ကို ကျောင်းထိုင်ဆရာတော်တစ်ပါး၏ ကျောင်းသို့ပင့်ဆောင်ခဲ့ရာ တစ်နေ့တွင် ဆင်းတုတော်၏ နှာခေါင်းတော်နေရာမှ အင်္ဂတေများ အဖတ်လိုက်ကွာကျပြီး အတွင်းဘက်မှ ရောင်ခြည်တော်အစိမ်းရောင်များ ထွက်နေသည်ကို ဆရာတော်က ဖူးတွေ့ရသည်။ အင်္ဂတေများကိုဖယ်ရှားလိုက်သည့်အခါ မြဘုရားဆင်းတုတော်အစစ်ဖြစ်ကြောင်း ဖူးတွေ့ရသည်။ လူအများအကြားသတင်းပျံ့နှံ့သွားသဖြင့် ဘုရားဖူးပြည်သူများလည်း ဆင်းတုတော်ကိန်းဝပ်ရာ ဘုန်းတော်ကြီးကျောင်းသို့ စုရုံးရောက်ရှိလာကြသည်။

ထိုအချိန်က ချင်းရိုင်နယ်သည် ချင်းမိုင်ဘုရင်၏ ဩဇာအာဏာအောက်တွင်ရှိရာ ချင်းမိုင်ဘုရင် 'စံဖန်ကင်'က မြဘုရားကို ချင်းမိုင်သို့ပင့်ရန် ရတနာဆင်ဖြူတော်နှင့်တကွ ကိုယ်စားလှယ်အဖွဲ့ကို ချင်းရိုင်သို့ စေလွှတ်ခဲ့သည်။ သို့သော်-----။

သန်းစိုးအောင်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Lee So Hyuk ကို Drama သစ် S Line ဖြင့် လူကြိုက်များ

ချောမောခန့်ညားသည့် သရုပ်ဆောင် Lee So Hyuk ကို SLine Drama ဇာတ်ကားသစ်တွင် အနီရောင်ကြိုးတစ်ရာ အလင်းဖြာနေသည့် စုံထောက်အဖြစ်တွေ့ရ၍ ပရိသတ်စိတ်ဝင်စားနေကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အနီရောင်ကြိုးများမှာ S.X Relations အရေအတွက်ဖြစ်ပြီး ထိုကြိုးနီများကို မြင်တွေ့ရသည့် ကောင်မလေးနှင့် အနီရောင်ကြိုးတစ်ရာ အလင်းဖြာနေသည့် စုံထောက်တစ်ဦးတို့ ဇာတ်လမ်းဖြစ်သည်။

ထိုအနီရောင်ကြိုးမှာ လူတစ်ဦးနှင့်တစ်ဦး အရိုင်းဆန်ဆန် ပတ်သက်ဆက်နွှယ်ရာမှ ပေါ်လာတတ်ကာ အနီရောင်ကြိုး၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ထားသည့် ၂၀၂၅ခုနှစ် ဇာတ်လမ်းတွဲမှာ ပရိသတ်ကြား ရေပန်းစားနေသည်။

(SKY)







## Blue Dragon Series Awards ဆုပေးပွဲတွင် လူမှား၍ ဆုပေးမိ

ကိုရီးယားအနုပညာလောကမှ Blue Dragon Series ဆုပေးပွဲတွင် ဆုရရှိသည့် အနုပညာရှင်များကြား လူမှား၍ ဆုပေးမိခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲတွင် ပရိသတ် ရွေးချယ်မဲပေးခဲ့သည့် Popularity ဆုကို လက်ခံရမည့်သူကို လီဂျွန်ယောင်းနှင့် လီဂျွန်ယော့တို့နှစ်ဦး လူမှားပေးမိခဲ့၍ တစ်ဦးနှင့်တစ်ဦး အားနာမဆုံးဖြစ်ခဲ့ကြရသည်။

အာရှမင်းသား Lee Kwang Soo က အကောင်းဆုံးဇာတ်ပို့ဆုနှင့် ရမ်ဟေရမ်က ဇာတ်ပို့ဆု၊ IU က မင်းသမီးဆုရရှိပြီး Park Bogum အမည်ရေးမထား၍ ပရိသတ် မကျေမနပ်ဖြစ်နေကြသည်။

(SKY)

## ညဘက်အလင်းရောင်ကြောင့် အိပ်စက်ခြင်းနှင့် ကိုယ်ခံအားကို ထိခိုက်နိုင်

ထူးခြားသည့် အသက်မွေးဝမ်းကျောင်းဘဝနှင့် ဦးနှောက်စွမ်းဆောင်ရည်နှင့် ကျန်းမာရေးအပေါ် စက်ဝန်းစည်းချက်မမှန်သည့်အခါ ဖြစ်ပေါ်လာသည့် အကျိုးဆက်များအကြောင်း ဝက်စ်ဗာဂျီးနီးယားတက္ကသိုလ်၊ အာရုံကြောသိပ္ပံဌာန၏ ဥက္ကဋ္ဌဖြစ်သူ အာရုံကြောသိပ္ပံပညာရှင် ဒေါက်တာရန္ဒီဂျေနယ်လ်ဆင်မကြာသေးမီက ဖော်ထုတ်တင်ပြခဲ့သည်။

ညဘက်တွင် လူတို့ပြုလုပ်ထားသည့် အလင်းရောင်နှင့် ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာနိုင်သော လူသိနည်းသေးသည့် အန္တရာယ်များကို ဖော်ထုတ်ရန်အတွက် ၄င်းအနေဖြင့် ဆယ်နှစ်တာလုံး အချိန်ယူပြင်ဆင်ခဲ့သည်။

၄င်း၏လေ့လာမှုရလဒ်အရ ညဘက်အလင်းရောင်သည် အိပ်စက်မှုအရည်အသွေးကို လျော့ကျစေရုံသာမက ကိုယ်ခံအားစနစ်တုံ့ပြန်မှုကို အားနည်းစေခြင်း၊ အာရုံကြောရောင်ရမ်းခြင်းကို ဖြစ်ပေါ်စေခြင်း၊ ဇီဝဖြစ်စဉ်များကို ထိခိုက်စေခြင်းနှင့် စိတ်ခံစားမှုပြောင်းလဲခြင်းများကိုလည်း ဖြစ်ပေါ်စေနိုင်မည်ဟု ဆိုသည်။

ညဘက်တွင် လူတို့ပြုလုပ်ထားသည့် အလင်းရောင်နှင့် ထိတွေ့မှုက ခန္ဓာကိုယ်စနစ်များအပေါ် မည်သို့သက်ရောက်မှုရှိကြောင်း ဖော်ပြသည့် ထူးခြားသောတွေ့ရှိချက်များကို ဒေါက်တာနယ်လ်ဆင်၏ ဓာတ်ခွဲခန်းထဲမှ ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

(SCI)



## Gold Digger ဗြိတိသျှဒရာမာကို ကိုရီးယားဗားရှင်းဖြင့် ပြန်ရိုက်မည်

အသက် (၆၀)မုဆိုးမနှင့် (၃၃)နှစ်အရွယ် အမျိုးသားတို့ အကြောင်း ဖော်ကျူးထားသည့် ဗြိတိသျှဒရာမာ Gold Digger ကို ကိုရီးယားအချစ်ဇာတ်လမ်းအဖြစ် ပြန်လည်ရိုက်ကူးမည်ဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို ကိုရီးယားဗားရှင်းနှင့် ပုံဖော်ရာတွင် ဝါရင့် မင်းသမီး ကင်ဟီအေးနှင့် မင်းသား နီဆောင်ဟွမ်တို့ကို အဓိကဇာတ်ကောင်အဖြစ် ရွေးချယ်ထားကြောင်း ထုတ်လုပ်သူက တရားဝင်ထုတ်ဖော် ကြေညာထားသည်။(SKY)




## Min Heejin ကို ဟောဘီက တရားစွဲဆိုမှု ရုပ်စဲ

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ နယူးဂျင်းစ်၏ ပွဲကိုင်ရှင် မင်ဟီဂျင်းကို ဟောဘီဘက်က စွပ်စွဲချက်များနှင့် တရားစွဲဆိုထားသော အမှုရုပ်စဲသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဟောဘီဘက်က တရားစွဲဆိုစွပ်စွဲချက်များကို တစ်စုံတစ်ရာမှ ကျူးလွန်ထားခြင်းမရှိကြောင်း မင်ဟီဂျင်းကို ရဲဘက်မှ အတည်ပြုလိုက်ပြီဖြစ်သဖြင့် တရားစွဲဆိုမှုများ ရုပ်စဲသွားပြီဖြစ်သည်။

မင်ဟီဂျင်းအမှုပြီးစီးသွား၍ နယူးဂျင်းစ်အဖွဲ့ဝင်များ ဂီတပွဲကျင်းပလိမ့်မည်ဟု ပရိသတ်များက မျှော်လင့်နေကြသည်။

(SKY)



## Love 101 ဇာတ်ကားမှာ တူရကီအချစ်၊ ဟာသ၊ ဒရာမာဇာတ်လမ်းတွဲဖြစ်

တူရကီ ဆယ်ကျော်သက် လူငယ်လေးများအကြောင်း ရိုက်ကူးထားသည့် ၂၀၂၀ ပြည့်နှစ်၏ Love 101 ဇာတ်ကားမှာ အချစ်၊ ဟာသ၊ ဒရာမာဇာတ်လမ်းတွဲဖြစ်ကြောင်း ရိုတေးရှင်း ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဉာဏ်ရည်ထက်မြက်သော်လည်း ပတ်ဝန်းကျင်နှင့် မသင့်မြတ်သည့် လူငယ်၊ ပေါက်ကွဲစရာ စိတ်ဓာတ်ရှိပြီး လွတ်လပ်မှုကို လိုလားသူ အားကစားသမား၊ ရိုးသား၍ စိတ်ထားကောင်းသူ၊ ချမ်းသာ၍ စည်းကမ်းမဲ့သူ၊ လူငယ်လေးဦးတို့ အကြောင်း အခြေခံထားသည်။

သူတို့ဘဝကို ပြောင်းလဲပေးနိုင်သည့် ဆရာမနှင့်ပတ်သက်၍ လူငယ်လေးဦးဘဝဖြစ်ပျက်ပုံများကို ၁၉၉၀ ပြည့်နှစ် နောက်ခံသံစဉ်များနှင့် လွမ်းမောဖွယ် လူငယ်ဘဝကို ပုံဖော်ရိုက်ကူးထားသည်။

(SKY)




## Natalie Portman အကယ်ဒမီ ရသင့်၊ မရသင့် ငြင်းခုံနေကြ

ပရိသတ်များနှင့် ရုပ်ရှင်ဝေဖန်သူများအကြား Black Swan ရုပ်ရှင်နှင့် နာတာလီပေါ့မန်း အကယ်ဒမီရသင့်၊ မရသင့် အငြင်းပွားမှုဖြစ်ပွားခဲ့ကြောင်း ဟောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အငြင်းပွားမှုနှင့်ပတ်သက်၍ ဝေဖန်ရေးဆရာများက အချက်နှစ်ချက် ထုတ်ပြထားရာ Black Swan မှာ ကာတွန်းကား Perfect Blue နှင့် ဇာတ်လမ်းကျောရိုးတူနေသည်ဟုဆို၍ ဒါရိုက်တာ အာရိုနိုစကိုင်းက မှိုင်ငြမ်းမှုမရှိဟု တုံ့ပြန်ထားသည်။ ဒုတိယအချက်မှာ ခက်ခဲသော ဘဲလေးကကွက်များကို လူစားထိုးအသုံးပြုခဲ့၍ ဖြစ်သည်ဟုဆိုရာ ဇာတ်အိမ်ဆင်ခြင်းမှာ သရုပ်ဆောင်နှင့်မဆိုင်၊ လူစားထိုးခြင်းမှာလည်း ခက်ခဲသည့် ကကွက်အတွက်သာဖြစ်၍ ရသင့်သည်ဟု ၁၅ နှစ်ကျော် ငြင်းခုံနေရာမှ နာတာလီပေါ့မန်းက Psychological နှင့် အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆု ရရှိခဲ့သည်။ (SKY)



# အင်ဒိုနီးရှားနိုင်ငံ၌ မဂ္ဂနီကျူ ၆ ဒသမ သုည အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်

ဂျကာတာ ဩဂုတ် ၁၇

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဆူလာဝီဆီ ပြည်နယ်တွင် ယနေ့နံနက်ပိုင်းက မဂ္ဂနီကျူ ၆ ဒသမ သုညအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ အနည်းဆုံး ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေး အေဂျင်စီ (BNPB) က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီ ၃၈ မိနစ်တွင် ပိုဆိုအုပ်ချုပ်ရေးဒေသ၏ အနောက်မြောက်ဘက် ၁၈ ကီလိုမီတာအကွာ ကုန်းတွင်းပိုင်းသို့ ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောကြားသည်။

မာဆာနီ၊ တိုကိုရန်ဒို၊ တိုဂူ၊ ပီနီဒါပါ၊ တန့်ကူရာနှင့် လာပီကျေးရွာများအပါအဝင် ပိုဆိုအုပ်ချုပ်ရေးဒေသရှိပြည်သူများက ငလျင်လှုပ်ခတ်မှုကို ၁၅ စက္ကန့်ကြာ ခံစားရပြီး ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြောင်း သိရသည်။

ပိုဆိုဒေသဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီသည် မြေပြင်အနေအထားကို စောင့်ကြည့်လျက်ရှိပြီး ဒေသဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လက်ရှိအချိန်အထိ ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အနီးဝန်းကျင်ရှိ ဆီဂျီအုပ်ချုပ်ရေးဒေသရှိ ပြည်သူများကလည်း ငလျင်လှုပ်ခတ်မှုကို ခုနစ်စက္ကန့်ခန့် ခံစားခဲ့ရကြောင်းနှင့် ထိခိုက်သေဆုံးမှု သို့မဟုတ် ပျက်စီးမှုမရှိကြောင်း သိရသည်။

အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေး အေဂျင်စီအကြီးအကဲ ဆူဟာရန်တိုက အရေးပေါ်တုံ့ပြန်မှုအစီအမံများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၎င်း၏အဖွဲ့အား ညွှန်ကြားထားသည်။ အရေးပေါ်တုံ့ပြန်မှုအစီအမံများတွင် ဆေးဘက်ဆိုင်ရာအကူအညီ၊ ရွက်ဖျင်တဲများ ထောက်ပံ့ပေးခြင်းနှင့် အချက်အလက်စုဆောင်းခြင်းများ ပါဝင်သည်။



ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# အယ်ရင် ဟာရီကိန်းမုန်တိုင်း လျင်မြန်စွာ အားကောင်းလာသော်လည်း အမေရိကန်ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟုခန့်မှန်းထားခြင်း မရှိသေး

**ဝါရှင်တန် ဩဂုတ် ၁၇**

အယ်ရင်ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီမိုင်နှုန်း၁၆၀(တစ်နာရီကီလိုမီတာ ၂၆၀)အမြင့်ဆုံး လေတိုက်နှုန်းဖြင့် အဆင့် ၅ ဆိုင်ကလုန်းအဖြစ် လျင်မြန်စွာ အားကောင်းလာပြီး ပိုမိုအားကောင်းလာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။



အလွန်ကြီးမားသော ဟာရီကိန်းမုန်တိုင်းသည် ဩဂုတ် ၁၅ ရက်က အပူပိုင်းမုန်တိုင်းအဖြစ် ဒီနေ့ ညတွင်းချင်း ပေါက်ကွဲသလို နက်ရှိုင်းပြီး အားကောင်းလာခဲ့ကြောင်း အမေရိကန် အမျိုးသား ဟာရီကိန်းစင်တာ ညွှန်ကြားရေးမှူး မိုက်ဘရန်နန်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ရှင်းလင်းပြောကြားသည်။

အယ်ရင်မုန်တိုင်းသည် ကာရေဘီယန်ပင်လယ်တွင် ရှိနေပြီး လီဝါ့ဒ်ကျွန်းများ၊ ဗာဂျင်ကျွန်းများနှင့် ပွာတိုရီကိုတို့၏ မြောက်ဘက်သို့ ဖြတ်သန်းသွားမည်ဟု မျှော်လင့်ရပြီး မိုးရေချိန် ၆ လက်မ(၁၅ စင်တီမီတာ)အထိ ရွာသွန်းနိုင်ကာ ရုတ်တရက် ရေကြီးမှုနှင့် မြေပြိုမှုများ ဖြစ်ပွားစေနိုင်မည်ဟု ဆိုသည်။

၂၀၂၅ ခုနှစ် အတ္တလန်တိတ်ရာသီ၏ ပထမဆုံးဟာရီကိန်းဖြစ်သော်လည်း လက်ရှိအနေအထားတွင် အမေရိကန်ပြည်ထောင်စုကုန်းတွင်းပိုင်းသို့ဝင်ရောက်မည်ဟု ခန့်မှန်းထားခြင်းမရှိသေးကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အင်ဒိုနီးရှားအစိုးရ၏ အဓိက အခမဲ့ကျောင်းထမင်း အစီအစဉ်၌ လူပေါင်း ၃၆၀ ကျော် ယမန်နေ့က အစာအဆိပ်သင့်ခဲ့

**ဂျကာတာ ဩဂုတ် ၁၇**

အင်ဒိုနီးရှားအစိုးရ၏ အဓိက အခမဲ့ကျောင်းထမင်း အစီအစဉ်၏ အဆိုးဆုံးဖြစ်စဉ်အဖြစ် ဂျာဗားကျွန်းအလယ်ပိုင်းရှိ ဆာရာဂန်မြို့တွင် ယင်းအခမဲ့ထမင်းစားပြီးနောက် လူပေါင်း ၃၆၀ ကျော် ယမန်နေ့က အစာအဆိပ်သင့်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဇန်နဝါရီလက စတင်ခဲ့သည့် အခမဲ့ကျောင်းထမင်းအစီအစဉ်ကြောင့် ကျွန်းစုတစ်ဝှမ်းတွင် လူ ၁၀၀၀ ကျော်ကို ထိခိုက်ခဲ့သော အစာအဆိပ်သင့်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

လူ ၃၆၅ ဦး ဖျားနာခဲ့ပြီး အစားအသောက်နမူနာများကို ဓာတ်ခွဲခန်းတွင် စစ်ဆေးနေပြီး လိုအပ်ပါက ဆေးဝါးကုသမှု ကုန်ကျစရိတ်များကို အစိုးရက ပေးချေသွားမည်ဟု ဆာရာဂန်မြို့ အစိုးရအဖွဲ့အကြီးအကဲ ဆစ်ဂစ်ပါမွန်ကက်စ်က ထုတ်ဖော်ပြောကြားကြောင်း သိရသည်။**Mon**



# ခရီးသွားလုပ်ငန်း တိုးတက်ပြီး သွားလာမှုပုံစံများ ပြောင်းလဲလာ တရုတ်ဟိုတယ်လုပ်ငန်းကဏ္ဍတွင် အဆင့်မြှင့်တင်မှုများ ပြုလုပ်နေ

**ပေကျင်း ဩဂုတ် ၁၇**

တရုတ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းတိုးတက်မှုနှင့်အတူ ခရီးသွားလာမှု ပုံစံများပြောင်းလဲလာခြင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာများ ပိုမိုရေပန်းစားလာခြင်းတို့ကြောင့် ဟိုတယ်များတွင် ယဉ်ကျေးမှုပေါင်းစပ်မှု၊ ဉာဏ်ရည်တုနှင့် နိုင်ငံတကာစီမံခန့်ခွဲမှုများကို အသုံးပြုလာစေရန် ဟိုတယ်လုပ်ငန်းကဏ္ဍတွင် အဆင့်မြှင့်တင်မှုများ ပြုလုပ်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် ပြည်တွင်းခရီးသွားအရေအတွက်သည် ၃ ဒသမ ၂၈၅ ဘီလီယံအထိ ရောက်ရှိခဲ့ရာ ယမန်နှစ် အလားတူကာလထက် ၂၀ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့သည်။

တရုတ်ခရီးသွားလုပ်ငန်း အကယ်ဒမီ၏ အချက်အလက်များအရ နွေရာသီခရီးသွားအရေအတွက်သည် ခရီးသွား ၂ ဒသမ ၅ ဘီလီယံကျော်အထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံး ဟိုတယ်အုပ်စုများထဲမှ တစ်ခုဖြစ်သည့် ကျင်းကျန်းဟိုတယ်သည် ဇူလိုင်လတွင် ၎င်း၏တရုတ်နိုင်ငံရှိ ဟိုတယ်များတွင် ဧည့်သည် ၄၀ ဒသမ ၇ သန်းကျော် လက်ခံရရှိခဲ့သည် ဟု ဆိုသည်။

ယင်းနိုင်မာသည့် အချက်အလက်များအပြင် ဖောက်သည်များ၏ ဟိုတယ်လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များလည်း ပြောင်းလဲလာကြောင်း သိရသည်။

**Mon**



## လေကြောင်းလိုင်းဝန်ထမ်းများ၏ စာချုပ်ပဋိပက္ခကို ဖြေရှင်းရန်အတွက် ကနေဒါအစိုးရက စည်းနှောင်မှုရှိသော ခုံသမာဓိ သုံးဖြတ်စေရန် ဆောင်ရွက်

**အော့တဝါ ဩဂုတ် ၁၇**

ကနေဒါအစိုးရသည် ဩဂုတ် ၁၆ ရက်တွင် လေကြောင်းလိုင်းဝန်ထမ်းများ၏ အခက်အခဲကို အဆုံးသတ်ရန်နှင့် ၎င်းတို့၏ စာချုပ်ပဋိပက္ခကို ဖြေရှင်းရန်အတွက် စည်းနှောင်မှုရှိသော ခုံသမာဓိကဆုံးဖြတ်စေရန်ဆောင်ရွက်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လပေါင်းများစွာကြာအောင် စာချုပ်အသစ်အတွက် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် လေကြောင်းလိုင်းဝန်ထမ်း ထောင်ပေါင်းများစွာသည် ယမန်နေ့က အရှေ့ပိုင်းစံတော်ချိန် နံနက် ၁ နာရီမတိုင်မီတွင် အလုပ်မှ ထွက်ခွာသွားခဲ့သည်။

အကျိုးဆက်အားဖြင့် ထိုလေကြောင်းလိုင်းသည် နေ့စဉ်ပျံသန်းမှု ၇၀၀ နီးပါးကို ဖျက်သိမ်းခဲ့ရာ ခရီးသွား ၁၀၀၀၀၀ ကျော်သည် အခြားရွေးချယ်စရာများကို အလုအယက်ရှာဖွေခဲ့ကြရသည်။

နှစ်ဖက်စလုံး၌ စည်းနှောင်မှုရှိသော ခုံသမာဓိကို ချမှတ်ရန်နှင့် အခက်အခဲကို ချက်ချင်းအဆုံးသတ်ရန် ကနေဒါစက်မှုဆိုင်ရာ ဆက်ဆံရေးဘုတ်အဖွဲ့ကို တောင်းဆိုခဲ့သည်ဟု အလုပ်သမား ဝန်ကြီး ပါတီဟာ့ဂျ်ဒူက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

သို့ရာတွင် ဘုတ်အဖွဲ့က တောင်းဆိုချက်ကို ခွင့်ပြုပြီး လေကြောင်းလိုင်းက ၎င်း၏လုပ်ငန်းများကို အပြည့်အဝပြန်လည်စတင်နိုင်ရန် ရက်အနည်းငယ်ကြာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

STOP AIDS

## လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**တာချီလိတ် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ဟောင်လိတ်)တွင် ကျင်းပသည်။



ရှေးဦးစွာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုတိယရဲမှူး အောင်ကျော်ဇင်က ကျောင်းသား၊ ကျောင်းသူလေးများအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရည်မှန်းချက်တာဝန်များ၊ လူမှောင်ခို၊ လူကုန်ကူးမှု၏ အဓိပ္ပာယ်နှင့် လူကုန်ကူးမှုမြောက်သည့်နည်းလမ်းများ၊ လူကုန်ကူးခံရခြင်း၏ အဓိကအကြောင်းအရာများ၊ လူကုန်ကူးခံရပါက ဆက်သွယ်တိုင်ကြားနိုင်သည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲအုပ်မင်းခိုင်က ယနေ့ခေတ်တွင် အွန်လိုင်းဆိုရှယ်မီဒီယာများ အသုံးပြု၍ လောင်းကစားမှုများ၊ လူကုန်ကူးမှုနှင့်ဆက်စပ်သည့် သွေးဆောင်လိမ်လည်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ကျော်ဇေယျာလင်း(မြန်/ဆက်)**



## သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် လယ်ကျိုးကျေးရွာ၌ သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ ညနေ ၄ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းက ကျေးရွာသူ၊ ကျေးရွာသားများအား ရေဘေးကြောင့်ဖြစ်ပေါ်လာနိုင်သည့် အကျိုးကျေးဇူးများ၊ ငလျင်လှုပ်နေချိန် နေထိုင်နည်းများ၊ သဘာဝဘေးဖြစ်လာပါက ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့မည့်အခြေအနေများကိုလည်းကောင်း ဟောပြောခဲ့ပြီး ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip အား ပြသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနဝန်ထမ်းများက ရေဘေးပညာပေးလက်ကမ်းနှင့် ငလျင်ဘေးပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များအား ကျေးရွာသူ၊ ကျေးရွာသားများက ကြည့်ရှုကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မိုင်းဖြတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ မိုင်းဖြတ်မြို့နယ်၊ ဘူရှီးကျေးရွာအနီးတွင် လော်စေးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်၊ ကျဖီးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်၊ ကျပေါမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် မောင်ရှည်(ခ)မောရှည် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်များပေါ်တွင် ၄င်းတို့သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁,၄၀၀,၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိ၍ ကျဖီး(၂၈)နှစ်၊ မောင်ရှည်(ခ)မောရှည်(၁၈)နှစ်၊ လော်စေးနှင့် ကျပေါတို့အား မိုင်းဖြတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(အပေါ်ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* - * - * - * - * - *

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ရက်က စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ၁၀ လက်မ လည်ချောင်းပိုက် ၂၂ လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၅၇ မျိုးကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၄ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၃၉ တန်၊ သစ်မာ ၁ ဒသမ ၅၉၈ တန်ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဩဂုတ် ၁၅ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုးနှင့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sung Long Bus တစ်စီး၊ Zhong Tong Bus တစ်စီးကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကျိုင်းတုံမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၅ ရက် ညနေ ၅ နာရီက သတင်းအရ သက်သေများနှင့်အတူ ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဝေါနိမ့်ကျေးရွာအနီးတွင် လမ်းလျှောက်လာသူ အောင်ကျော်ထွန်း(ခ)မော်ချူး(ခ)အားချာအား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃,၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်ထွန်း(ခ)မော်ချူး(ခ)အားချာ (၂၃)နှစ်အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

* - * - * - * - * - *



## လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**တနိုင်း ဩဂုတ် ၁၇**

ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၌ ဩဂုတ် ၁၅ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တနိုင်းမြို့၊ ဆွတ်ငိုင်ရပ်ကွက်၊ တနိုင်း-မိုင်းခွန်သွားကားလမ်း၌ တနိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုင်းခွန်ကျေးရွာနေ နေမင်းလတ်(ခ)အငယ်လေး (၃၅)နှစ် မောင်းနှင်လာသည် MDY-13 3G/------ AD VAN မော်တော်ယာဉ်အားလည်းကောင်း၊ တစ်ရွာတည်းနေ မိုးအောင်(၅၃)နှစ် မောင်းနှင်လာသည့် YGN-7H----- MITSUBISHI PAJERO မော်တော်ယာဉ်အားလည်းကောင်း ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း သိရှိရသဖြင့် နေမင်းလတ်နှင့် မိုးအောင်တို့နှစ်ဦးအား တနိုင်းမြို့မရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ပျော်ဘွယ်မြို့နယ်တွင် မိုးကြိုဝါသီးနံ့ခူးဆွတ်နေမှုအား သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား)ကွင်းဆင်းကြည့်ရှုအားပေး



**ပျော်ဘွယ် ဩဂုတ် ၁၇**

ပျော်ဘွယ်မြို့နယ်တွင် သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည့်စိုးသည် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ လိုက်ပါလျက် ကန်သာကျေးရွာရှိ ဝါစိုက်ခင်းအား ကြည့်ရှုအားပေးခြင်း၊ ဝွေးဇီးကျေးရွာ သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားသည့် (B-31)မိုးကြိုဝါသီးနံ့ခူးဆွတ်နေမှုအား ဩဂုတ် ၁၆ရက် မွန်းလွဲ ၁နာရီက သွားရောက်ကြည့်ရှုအားပေးသည်။

ထိုကဲ့သို့ ကြည့်ရှုအားပေးရာတွင် သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီးပွား) ဦးအောင်ပြည့်စိုးက ထွက်ရှိလာသည့် ဝါများ ဈေးကောင်းရရှိရေးအတွက် ဝါဝယ်ယူ လျက်ရှိသောလုပ်ချည်မျှင် သမဝါယမအသင်းနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ မိုးကြိုဝါများ ဆွတ်ခူးပြီးပါက ဒေသနှင့်ကိုက်ညီကာ အထွက်နှုန်းကောင်းမွန်သည့် မိုးစပါးမျိုးများ၊ သွင်းအားစုများ အချိန်မီပံ့ပိုးပေးနိုင်ရေး၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေးနှင့် တောင်သူများအနေဖြင့် အကျိုးအမြတ်ရှိအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မင်းမင်းထွေး)

ဝ-ဝ-ဝ-ဝ-ဝ



## ကွန်ကရစ်လမ်း တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှု တာဝန်ရှိသူများ စစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် လွတ်လပ်ရေးရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်း ကွန်ကရစ်လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လွတ်လပ်ရေးရပ်ကွက် ဗိုလ်ချုပ်လမ်း ကွန်ကရစ်လမ်းတိုးချဲ့ခြင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၈ ဒသမ ၈သန်းဖြင့် လမ်းအရှည် ၄၅၀ ပေ၊ အကျယ် ၈ပေနှင့် ထု ၈လက်မ တိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်သည်။ လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့်အဖွဲ့ဝင်များက လှည့်လည်စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်မြတ်သက်နှင်းတို့က လိုက်လံရှင်းလင်းပြသကြသည်။ ကွန်ကရစ်လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ၁၃-၈-၂၀၂၅ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းပြီးစီးပါက ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အရှည် ၄၅၀ပေ၊ အကျယ် ၁၂ပေ၊ ထု ၃လက်မကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်၍ အဆိုပါလမ်းပိုင်းတွင် အသစ်ခင်းရန် ကျန်ရှိနေသည့် အရှည် ၂၅၀ပေ၊ အကျယ် ၁၆ပေ၊ ထု ၈လက်မကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်း(၃)ခု ပြီးစီးပါက ဗိုလ်ချုပ်လမ်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ ဒေါ်မြတ်သက်နှင်းက ပြောသည်။

(၄၅၆)

ဝ-ဝ-ဝ-ဝ-ဝ

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်း ကျင်းပ



**ကျောက်ဆည် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများနှင့် ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပသည်။

ရွှေဦးစွာ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ကိုယ်စား အထက်တန်းပြဆရာမ ဒေါ်ပုလဲဝါက အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်း ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ Grade-11တန်း ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ထူးပြည့်သန့်က "လူငယ်နှင့် ကျန်းမာရေး"၊ မရွှေပိုးအိက "လူငယ်နှင့်ပညာရေး"၊ Grade-10 တန်း ကျောင်းသူများဖြစ်သည့် မအိကြယ်စင်ဖြိုးက "လူငယ်နှင့် စာဖတ်ခြင်း"၊ မနှင်းပွင့်အေးက "စာပေကျေးဇူး" ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကာ အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တာဆီးကာကွယ်ရေး၊ မိုးခေါင်ရေရှားဘေးနှင့် ဆူနာမီအကြောင်း အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၈၅)



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၌ ဩဂုတ် ၁၅ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီ ၃၀မိနစ်တွင် ပျဉ်းမနားမြို့ရှောင်လမ်း၊ ပိတောက်ချောင်ကျေးရွာအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အေလာဘက်မှ ပျဉ်းမနားဘက်သို့ ဝမ်းတွင်းမြို့နယ်၊ ထီးလှိုင်ကျေးရွာနေ ဦး-----(၃၅)နှစ်သည် YGN-369G/XXXX NISSAN DIESEL (၁၂)ဘီး ယာဉ်အား မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ လားရာတူရှေ့တွင် စက်ဘီးစီးနေသည့် လယ်ဝေးမြို့နယ်၊ ကွမ်းခြံကျေးရွာနေ ဒေါ်-----(၅၈)နှစ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်-----တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ဦး-----အား အေလာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## နှစ်လုံး၊သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၁၇**

မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ ၂၀၂၅ခုနှစ်၊ ဩဂုတ် ၁၅ရက်က နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ရက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာနေ ဦး----(၄၃)နှစ်၏ နေအိမ်၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပေါင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဦး---အား နေအိမ်ဈေးဆိုင်အနီး၌ နှစ်လုံး/သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဦး---- ပေါင်မြို့မရဲစခန်းမှ လည်းကောင်း၊

အလားတူ မွန်းလွဲ ၂နာရီ ၃၀မိနစ်တွင် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာ၊ ဟိုတယ်ဇုန်ဝင်းအနီး၌ နန်းပန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ညောင်ရွှေမြို့ဘက်မှ လမ်းလျှောက်လာသူ ကုန်းခြံထက်အပေါ်ရွာနေ ဦး---- (၅၆)နှစ်အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ၄င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဦး----အား နန်းပန်နယ်မြေရဲစခန်းမှ လည်းကောင်း၊

ထို့အတူ ညနေ ၆နာရီ ၁၀မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်နေ ဒေါ်----(၄၂)နှစ်ပိုင်ဆိုင်သော လက်ဖက်ရည်ဆိုင်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ လက်ဖက်ရည်ဆိုင်အတွင်း၌ နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်----အား မင်္ဂလာတောင်ညွန့် မြို့မ ရဲစခန်းတွင် အသီးသီး အမှုဖွင့်အရေးယူထားသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






## နော်တင်ဟမ်ဖောရက်စ်အသင်း အိုမာရီဟတ်ချင်ဆန်ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူ



**လန်ဒန် ဩဂုတ် ၁၇**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အစ်ဆွစ်ချ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား အိုမာရီဟတ်ချင်ဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၇ သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် အစ်ဆွစ်ချ်အသင်းတွင် ကျောနံပါတ်(၂၀) ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အိုမာရီဟတ်ချင်ဆန်သည် အစ်ဆွစ်ချ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အိုမာရီဟတ်ချင်ဆန်အနေဖြင့် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ အောင်မြင်မှုများရယူသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)



## ဂျာမန်စူပါဖလား ချန်ပီယံဆုကို ဘိုင်ယန်မြူးနစ်အသင်းဆွတ်ခူး

**မြူးနစ် ဩဂုတ် ၁၇**

ဂျာမန်စူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် စတုဂတ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိုင်ယန်မြူးနစ်အသင်းက စတုဂတ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်း အတွက် သွင်းဂိုး၊ နှစ်ဂိုးကို ပွဲချိန် ၁၈မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၇၇ မိနစ်တွင် လူးဝစ်ဒီယက်ဇ် တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်စူပါဖလား ချန်ပီယံဆုကို အသင်းသမိုင်းတစ်လျှောက်တွင် (၁၁)ကြိမ်မြောက်ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းအဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။

(အပေါ်ပုံ)

(NGB)

## မန်ချက်စတာစီးတီးအသင်းတွင် ဆာဗင်ဟို ဆက်ရှိသွားမည်

**မန်ချက်စတာ ဩဂုတ် ၁၇**

တောင်ပံကစားသမား ဆာဗင်ဟို အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ချက်စတာစီးတီးအသင်းက အတည်ပြုသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် စပါးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း မန်ချက်စတာစီးတီးအသင်းက ပယ်ချခဲ့သည်။

တောင်ပံကစားသမား ဆာဗင်ဟိုသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာစီးတီးအသင်း၏ ထုတ်ပြန်ချက်တွင် "ဆာဗင်ဟို အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## လိုက်ပဇစ်အသင်းတွင် ရိုမူလိုကာဒိုဆို ကျောနံပါတ်(၄၀)ဂျာစီကို ဝတ်ဆင်ကစားမည်

**မြူးနစ် ဩဂုတ် ၁၇**

တိုက်စစ်မှူးသစ် ရိုမူလိုကာဒိုဆိုသည် လိုက်ပဇစ်အသင်းတွင် ကျောနံပါတ် (၄၀)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် တူရကီကလပ် Goztepe အသင်းမှ လိုက်ပဇစ်အသင်းသို့ ယူရို သန်း ၂၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။




တိုက်စစ်မှူး ရိုမူလိုကာဒိုဆိုသည် Goztepe အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၉ ပွဲ ကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုက်ပဇစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားခြောက်ဦးအထိ ခေါ်ယူ အားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)



## ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်တွင် အနီကတ်ပြသခံရသည့် ပထမဆုံးကစားသမားအဖြစ် ကွန်ဆာ မှတ်တမ်းဆိုးရရှိ

**လန်ဒန် ဩဂုတ် ၁၇**

အက်စတွန်ဗီလာအသင်း နောက်ခံကစားသမား ကွန်ဆာသည် ၂၀၂၅-၂၀၂၆ ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်တွင် ပထမဆုံး အနီကတ်ပြသခံရသည့် ကစားသမားအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ရာသီအဖွင့်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းနှင့် နယူးကာဆယ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည့်ပွဲစဉ်တွင် အနီကတ် ပြသခံခဲ့ရပြီးနောက် ယခုလို မှတ်တမ်းဆိုးကို ရရှိခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမား ကွန်ဆာသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၉ပွဲကစားကာ ၁၀ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(အပေါ်ပုံ)

(NGB)

## ဂွန်ကာလိုရာမို့စ်အား ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်

**လန်ဒန် ဩဂုတ် ၁၇**

နယူးကာဆယ်အသင်းသည် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ပွဲကစားပြီး ၃၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းထံမှ ဂွန်ကာလိုရာမို့စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။(အောက်ဝဲပုံ)(NGB)



## မန်ချက်စတာယူနိုက်တက် အမျိုးသမီးအသင်း ဖရီဒိုလီနာရိုဖို ကို ခေါ်ယူ

**မန်ချက်စတာ ဩဂုတ် ၁၇**

မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းသည် ဘာစီလိုနာအမျိုးသမီးအသင်း ဝါရင့်တိုက်စစ်မှူး ဖရီဒိုလီနာရိုဖို ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းနှင့်အတူ နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဖရီဒိုလီနာရိုဖိုသည် ဘာစီလိုနာအမျိုးသမီးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ ပွဲ ကစားပြီး ၃၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



ထို့ကြောင့် တိုက်စစ်မှူး ဖရီဒိုလီနာရိုဖိုအနေဖြင့် မန်ချက်စတာယူနိုက်တက် အမျိုးသမီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ IgaSwiatek တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁၇**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်သွားသည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Anna Kalinskaya အား ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ကာဇက်စတန်တင်းနစ်မယ် Elena Rybakina တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၉-၈-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၁း၃၀ နာရီ | လီဒ်စ် - အဲဗာတန်<br>(W,W,D,D,D) (L,L,L,D,L) | လီဒ်စ် ၁-၁ အဲဗာတန်<br>အဲဗာတန် ၁-၀ လီဒ်စ်<br>(၂၀၂၂-၂၃) |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၉-၈-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၁း၃၀ နာရီ | အယ်လ်ချီ - ဘက်တစ်<br>(W,L,L,W,W) (D,W,D,L,L) | အယ်လ်ချီ ၂-၃ ဘက်တစ်<br>ဘက်တစ် ၃-၀ အယ်လ်ချီ<br>(၂၀၂၂-၂၃) |



## ရတနာ့ဂူစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီး နန်းဖွင့်ပွဲညီလာခံ ကျင်းပ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ ရွှေလှန်းရပ်ရှိ အင်းဝမင်းကြီးစွာစော်ကဲ တည်ထား ကိုးကွယ်တော်မူသော သမိုင်းဝင် ရတနာ့ဂူစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပုပ္ပားမယ်တော်ကြီး နန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဘုရားပွဲတော်ကို ဝါခေါင်လပြည့်ကျော် ၇ရက်မှ လကွယ်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပထမရက်တွင် နတ်ညီလာခံကို ၈ရက်တွင် ကျင်းပပြီး ၉ ရက်တွင် တက်ပွဲ၊ ချော့ပွဲများနှင့် ၁၀ ရက်တွင် ချိုးရေတော်သုံးအခမ်းအနား ပြုလုပ်ခြင်း၊ ၁၁၊ ၁၂၊ ၁၃ ရက်များတွင် တက်ပွဲများနှင့် ၁၄ ရက် ထိန်ခုတ်ပွဲ၊ မယ်တော်ကြီး ပြန်ပို့ပွဲများကို ကျင်းပလေ့ရှိကြောင်း၊ သမိုင်းဝင်ရတနာ့ဂူဘုရားပွဲတော်တွင် ဝါခေါင်လကွယ် နံနက်ပိုင်း၌ သံဃာတော်များအား ဆွမ်းလောင်းလှူခြင်းများကို ပြုလုပ်ကြသည်။

ယခုနှစ်တွင် သာသနာပြု ပုပ္ပားမယ်တော်ကြီးနန်း၏ သိုးတော်ဆောင်းမိဖုရားတစ်ဦးနှင့် ဗောင်းတော်ဆောင်းအမတ်နှစ်ဦးတို့ကို အဆိုပါပွဲတွင် ခန့်အပ်သွားမည်ဖြစ်ကာ ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်ရုံများ၊ အဆိုတော်များ၊ ဇာတ်သဘင်အဖွဲ့၏ အောင်စည်အောင်မောင်းများနှင့် ကပြဖျော်ဖြေမှုများ ပါဝင်သည်။

နှစ်စဉ်ကျင်းပသည့် ပုံစံအတိုင်း ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် လကွယ်နေ့တွင် သံဃာတော်အပါး ၂၀၀ ကျော်တို့အား ဆွမ်းနှင့် ဆွမ်းဟင်းလျာများ လောင်းလှူသွားမည်ဖြစ်ပြီး နတ်ချော့ပွဲ၊ တက်ပွဲများကို အစဉ်အလာအတိုင်း ကျင်းပကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀



## အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းတွင် မြို့နယ်အဆင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက် အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းတွင် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ဖြစ်ပေါ်စေရန်အတွက် ကျောင်းဝင်းအတွင်း၌ မြို့နယ်အဆင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သမ္မေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဆရာ၊ ဆရာမများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာသို့ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၇ဝ)**

## ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေး

**မြစ်သား ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ နွားကူးကြီးကျေးရွာအုပ်စု၊ ရေအေးဆိပ်ကျေးရွာအနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေးခြင်းကို ယမန်နေ့ နံနက် ၇ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြစ်သားမြို့နယ် စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဒေါ်နီလာအေး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်၊ မြစ်သားမြို့နယ် ဆည်မြောင်း(တမံ)ဦးစီးဌာန ဒုဦးစီးမှူး ဦးဝင်းလွင်ဦး၊ ကူမဲမြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြစ်သားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ ပူးပေါင်းအဖွဲ့ ၂၀ ဦးတို့က ပန်းလောင်မြစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းရေး၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်နှင့် ငါးရိက္ခာများရေရှည်စားသုံးနိုင်ရန် ရည်ရွယ်၍ နွားကူးကြီးကျေးရွာအနီး ပန်းလောင်မြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကောင်ရေ ၁၅၀၀၀၀၊ စုစုပေါင်းငါးကောင်ရေ ၃၀၀၀၀၀တို့ကို ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ် နေ့လယ်စာအာဟာရ ထမင်းကျွေး

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် အခြေခံပညာကျောင်း (၂၅)ကျောင်းရှိရာ သက်ဆိုင်ရာကျောင်းများရှိ တိုင်းဒေသကြီးပညာရေးမှူးရုံး(မန္တလေး)အဖွဲ့များက ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ယမန်နေ့ မွန်းလွဲပိုင်းက ကျောင်းသား၊ ကျောင်းသူများအား နေ့လယ်စာအာဟာရ ထမင်းကျွေးခဲ့သည်။

အဆိုပါ အာဟာရကျွေးမွေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်း၍ ဩဂုတ် ဒုတိယပတ်ကို ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ပညာသင်နှစ်တွင် ဩဂုတ် ၁၁ ရက်မှ ၁၅ရက်အထိ ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ပြည်ကြီးတံခွန်မြို့နယ်၊ သက်ဆိုင်ရာ ကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူ ၄၁၂ ဦးအား နေ့လယ်စာအာဟာရ ထမင်းကျွေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်**

**သန့်ရှင်းသာယာ**
**မန္တလာ**
**ဝိုင်းဝန်းထိန်းသိမ်းပါ။**



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

**ရေနံချောင်း ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြေနီခင်တောင်ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း(ဘဲနန်း)၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကျောင်းသား၊ ကျောင်းသူများ စာပေလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ မိမိဖတ်ရှုသည့်စာအုပ်ပါအကြောင်းအရာများကို ပြန်လည်ဆွေးနွေးတတ်စေရန်နှင့် စာပေဖတ်ရှုလေ့လာခြင်း၏အကျိုးကျေးဇူးကြီးမားပုံများကို အသိပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ချိုဝေလွင်က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအချက်များ၊ ကုန်ညွှန်းအမှတ်အသား မပါသော အစားအစာများ၊ FDA ခွင့်ပြုချက်မရှိသော ကုန်ပစ္စည်းများနှင့် စားသုံးရန်မသင့်သော အစားအသောက်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်မြင့်မြင့်ကြည်က မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း အသိပညာပေးဟောပြောကာ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်းဆင်းပွဲ ပြုလုပ်

**စစ်ကိုင်း ဩဂုတ် ၁၇**

စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ရှိ သင်တန်းခန်းမတွင် ပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်တန်းဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ဦးထွန်းလင်းက သင်တန်းပို့ချခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုဖွင့်လှစ်ခဲ့သော ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းတွင် ဥပဒေအသိပညာများ ရရှိစေရန် ဘာသာရပ်များအလိုက် ပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၆၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နေလင်းအောင်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မိုင်းဆတ်တွင် UID ကတ်များ ပြုလုပ်ပေးလျက်ရှိ

**မိုင်းဆတ် ဩဂုတ် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းဆတ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဘိုင်အိုမတ်ထရစ်ဒေတာကောက်ယူ၍ One Stop Service ဖြင့် UID ကတ်ထုတ်ပေးခြင်းကို ဇူလိုင် ၂၃ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။



ဩဂုတ် ၁၅ ရက်က မိုင်းဆတ်မြို့နယ် မယ်ဆွမ်တောင်ရပ်ကွက်၊ နောင်ဟီးရပ်မှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ဦးမောင်စိုး(ကျန်းမာရေးမကောင်းသူ)အား ဒု-လဝကမှူး ဦးစိုင်းလင်းနှင့် ဝန်ထမ်းများက အိမ်တိုင်ရာရောက် ကွင်းဆင်း၍ UID ကတ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(ဝ၄ဝ)**

## ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်

**သရက် ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းကျန်းမာရေးလုပ်ငန်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သားဖွားဆရာမဒေါ်မြင့်မြင့်ဝေနှင့် ကျန်းမာရေးမှူး(၄) ဒေါ်အေးသန္တာထွေး၊ ဒေါ်အိအိဖြိုးတို့က ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန် သွားတိုက်ခြင်း၊ သန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး တစ်ဦးချင်း ကျောင်းကျန်းမာရေးမှတ်တမ်းကတ်များ ရေးသွင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် သွားဆရာဝန်က ကျောင်းသား၊ ကျောင်းသူများအား သွားကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး သွားနုတ်ရန်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား သွားများ နုတ်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဇော်ထက်(သရက်)**



## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများ ပြုလုပ်

**လယ်ဝေး ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ လူငယ်များအား စာပေဖတ်ရှုခြင်းမှ ဗဟုသုတနှင့်အသိပညာများ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကား ပြောကြားသည်။ ယင်းနောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ထို့နောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းတာဝန်ခံက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက စာရေးဆရာ ကိုရွှေအောင်သင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇမ္ဗူသီရိမြို့နယ် Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။ **(အောက်ဝဲပုံ)**



ထို့နောက် Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားပြီး စာရေးဆရာ ကိုရွှေအောင်သင်းအား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ

## ဝတ္ထုတိုကဏ္ဍ

# အဖြူအစိမ်း၏ လုံခြုံခြင်း

စောချိုသာ



**(၁၁-၈-၂၀၂၅) စာမျက်နှာ (၁၄)မှ အဆက်-**

လက်မခံ၍လည်းမဖြစ်။ နှာချေချင်သလိုလိုပင် ဖြစ်လာပြီမို့ ဖျားမည်မှာ သေချာသလောက်ဖြစ်နေသည်။ ဂျာကင်မှာ အတော်ကြီးလေးသဖြင့် မနဲ မ၍ ဝတ်ရသည်။ အမလေးတော်သေးရဲ့ ခုမှနွေးသွားတော့သည်။ သူစိမ်းယောက်ျားတစ်ယောက်၏ ကိုယ်နံ့သည် အာရုံကို လှုပ်နှိုးလေတော့သည်။ အစ်ကိုကြီး သိရင် သတ်များသတ်မလားပဲ။ သူစိမ်းယောက်ျားရဲ့ အင်္ကျီယူဝတ်ရတယ်လို့။ သေတော့မှာပဲ။ တွေးလည်းတွေး၊ ကြောက်လည်းကြောက်မိလေ၏။ ကားဆရာဘက်သို့ လှည့်မိရာ ‘ဆရာမရေ ဘာမှ အားမနာနဲ့နော်’။ ‘ကျေးဇူးတင်ပါတယ်ရှင်’။ နည်းနည်းအနွေးဓာတ်လေးရလာပြီမို့ အားရှိသွားသည်။ စိတ်တွင်းမှလည်း သမ္ဗုဒ္ဓေဂါထာတော် ဘယ်နှကြိမ် ရွတ်မိမှန်းမသိတော့။ ‘ရွာထောင်ဝင်ပြီ ဆရာမ’။ ငိုက်သွားသည်မှ ဆတ်ခနဲ လန့်နိုးသွားသည်။ အမလေးငါ့နှယ် ရုပ်ပျက်၊ဆင်းပျက်များ အိပ်ပျော်သွားရှာလေသလား။ မလုံမလဲဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိသည်။ ရွာထောင်ကို ရောက်ပြီဆိုသဖြင့် ကြည့်လိုက်ရာ ဟုတ်ပေသည်။ တကယ်ဆို လိုင်းကားဂိတ်ကို သွားရဦးမည်။ လိုင်းကားထွက်ချိန်ကို စောင့်ရမည်။ ခုတော့ အဆင်ပြေလိုက်တာ။ မောင်မင်းကြီးသား ကျန်းမာပါစေ။ ‘ကျောက်တာ’နှင့် ‘ရွာထောင်ကို တစ်ကမ္ဘာလောက် ထင်မိပါသည်။ စိတ်စောတာတချို့၊ ကြောက်ရွံ့မှုကလည်း တချို့ကြောင့်ဟု ထင်ပါသည်။ ဤသို့ဖြင့် စစ်ကိုင်းတံတားဖြတ်သန်းခကောက်ခံသော ဂိတ်တွင် လိုင်းကားတစ်စီးကို ကျော်နိုင်ခဲ့သည်။ ဂိတ်လက်မှတ်ဖြတ် နေစဉ် လိုင်းကားပေါ်မှ အသိဆရာမတစ်ယောက်ကို တွေ့လိုက်သည်။ အို ဒုက္ခ ပါပဲ။ ကိုယ့်ကို တွေ့သွားမှဖြင့်။ ကြီးတော်ကြီး ပြောဖူးပါသည်။ ‘ဟဲ့ကလေးမလေးတွေ ကုန်ကားခေါင်းခန်းများ ယောင်လို့ မစီးကြနဲ့နော်။ သူတို့ခေါ်လာတတ်တဲ့ အပျော်မယ်တွေနဲ့ လူများပြီး ညည်းတို့ သိက္ခာကျလိမ့်မယ်တော့။အောင်မယ်လေးလေး သည်အတွေးက ခေါင်းထဲဝင်လာလိုက်သေး။ ဒီကားပေါ်မရောက်ခင်က စဉ်းစားပါလားလို့။ ကိုယ့်ဘာသာကိုယ် ပြန်တွေးရင်း စိတ်တိုမိပြန်သည်။ မန္တလေးရယ် အမြန်ရောက်ပါတော့။ ‘အမရပူရ’ရောက်တော့ တွေးပူပြန်သည်။ အဒေါ်တစ်ဦးက သည်မှာနေသည်။ တွေ့သွားမှဖြင့်။ ကြံဖန်၍ ပူပင်စိတ်ဖြင့် ဖုံးထားမိသည့်ဇာတ်မှာ မဖော်ရဲတော့ချေ။ ရောက်တတ်ရာရာ ဘုရားစာများ ရွတ်လျက်သာဖြင့်။ ကားဆရာကတော့ သူ့အလုပ်သူလုပ်လျက်။ တော်ပေသေးသည် စစ်ကိုင်းဘက်တွင် သည်းသမျှမိုး မန္တလေးရောက်မှ လျော့တော့သည်။ သို့သော် ရွာလိုသောဟန်ကိုဖြင့် မချသေး။ ၃၅လမ်းကျော်ပြီး လမ်း၃၀ ချိုးကာ လမ်းလယ်ခေမွှာရုံ ကျော်ပြီးနောက်…။ ‘ဆရာမ လမ်း၈၀နဲ့ ၈၁လမ်းကြားနော် ဆရာမ။’ ‘ဟုတ်ပါတယ်ရှင့်။ ’ကျေးဇူးပါရှင်။ ကျေးဇူးစကားလောက်ဖြင့် မဖြစ်ဘူးဟု ထင်မိသည်နှင့် ဆွဲခြင်းထဲမှ ပိုက်ဆံအိတ်ကိုထုတ်ကာ စာရွက်အတိုအစများကြားရှိ ငါးရာတန်တစ်ရွက်ကို ထုတ်ပေးရင်း ‘ကျေးဇူးတင်ပါတယ် ကားဆရာကြီးရယ်၊ ဒါလေးကို လက်ခံပေးပါရှင်’ဟု ဆို၍ ပိုက်ဆံကို သူ့ဘက်သို့ ထိုးပေးလိုက်ရာ။ ‘ဆရာမကတော့ လုပ်ပြီ၊ ကျွန်တော် ဒီလမ်းသွားတာကြာပေါ့။ ဘယ်သူ့ဆီကမှ ပိုက်ဆံမယူခဲ့ဖူးဘူး’။ မပေးပါနဲ့ ဆရာမရဲ့’။ ‘ယူပါရှင် ကျေးဇူးတင်လို့ပါရှင်’။ ဒီကိစ္စတွေက ကျွန်တော်တို့အတွက် ခရီးသွားဟန်လွှဲ ကူညီခြင်းတွေပါ။ ကျွန်တော်က ဆရာမတို့ အဖြူ အစိမ်း ယူနီဖောင်းတွေ့ကတည်းက ကူညီဖို့ ရည်ရွယ်ထားပြီးသားပါ။ ဆရာမတို့က ကံကောင်းပါတယ်။ တချို့ ဆရာလေးများဆို တောကြိုအုံကြားမှာသွားပြီး ရပ်ရွာခံလူထုရဲ့ လေးစားမှုလေးတစ်ခုကိုပဲ အရယူပြီး ရပ်တည်နေရသူတွေ အများကြီးပါ။ ကျွန်တော် ပင်လောင်းဘက်မှာ တာဝန်ကျဖူးတယ်။ သူတို့က ကျွန်တော်တို့ကို အားကိုးသလို ကျွန်တော်တို့ကလည်း သူတို့ကို ကိုယ်ချင်းစာလေးစားရပါတယ်။ ပိုက်ဆံမပေးပါနဲ့ ဆရာမရဲ့။ ပြည်နယ်တွေမှာတော့လေ ဝန်ထမ်းအချင်းချင်း သိပ်ရိုင်းပင်းကြတာ ဆရာမရဲ့။ ဆွေမျိုးလို၊ မိသားစုလို နေကြတာ။ ခုလည်း ကျွန်တော်က ဆရာမကို အဖြူအစိမ်းလေးနဲ့ ကား စ,တားကတည်းက ကိုယ့်ဆွေမျိုးရင်းချာလို သဘောထားပြီးသားပါ ဆရာမရယ်။ ရှည်လျားစွာ ရှင်းပြနေရင်းပင် ငြင်းနေသဖြင့် ပိုက်ဆံကို ပြန်သိမ်းလိုက်ရပါသည်။

ခုမှ သတိရသဖြင့် သူ့ဂျာကင်ကို ပြန်ချွတ်ကာ ကျောမှီတွင် ချိတ်လိုက်သည်။ မြို့နယ်ပညာရေးမှူးရုံးနား ရောက်သော် မိုးဖွဲဖွဲမို့ ရုံးရှေ့အရောက်တွင် ထီးတစ်ချောင်းနှင့် ဟိုဟိုသည်သည် မျှော်နေရှာသော လက်ထောက်ပညာရေးမှူးအား တွေ့လိုက်ရသည်။ ‘ကားဆရာရှင် ကျေးဇူးတင်ပါတယ်ရှင့်’။ ဟုတ်ကဲ့ပါ။ မှတ်ထားပါခင်ဗျာ။ နောင်လည်း ကူညီပါ့မယ် ခင်ဗျာ့။ ‘အဲ့ဗျ ဆရာမ ဒေါ်အေးမွန် မှတ်တယ်’။ ‘ဟုတ်ပါတယ် ဆရာကြီးရှင့်’။ ‘မမီမှာစိုးလို့ ထွက်ကြိုရင်း စိတ်ပူနေတာ ဆရာမရဲ့။ လာလာ ရုံးထဲဝင်ခဏတဖြုတ်နား။ အမှတ်(၂)ကျောင်းမှာဖြေရမှာဆရာမရဲ့’။ ‘နီးနီးလေးပဲဟာပဲ ခဏနေသွားပါမယ်ရှင့်’ ‘ဆရာမတို့များ ဘုန်းကြီးလိုက်တာ ကားနဲ့ကို လိုက်ပို့တာပါပဲလေ’။ ‘မနောက်ပါနဲ့ ဆရာကြီးရယ် ကားကြုံနဲ့ လာခဲ့ရတာ တထိတ်ထိတ်နဲ့ပါ ဆရာကြီးရယ်။ တော်သေးတယ်။ ကားဆရာ သဘောကောင်းနဲ့ တွေ့ပေလို့’။ ‘မပူပါနဲ့ သမီးရယ် အဖြူအစိမ်းရဲ့ အရိပ်က လုံခြုံပြီးသားပါကွယ်’။ ကျွန်မ၏ ရင်ထဲတွင် လုံခြုံမှုသာမက ငြိမ်းအေးမှု၊ နွေးထွေးမှု၊ ကြည်နူးမှုများကိုပါ ခံစားနေမိပါတော့သည်။

## ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနက သွင်းကုန်လိုင်စင်များ လစဉ်ခွင့်ပြုပေး



**မန္တလေး ဩဂုတ် ၁၇**

ပြည်တွင်း၌ လိုအပ်သော ဆေးဝါးပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးကွက်တည်ငြိမ်စေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနက ဆေးဝါးနှင့် ဆေးပစ္စည်းများအတွက် သွင်းကုန်လိုင်စင်များကို လစဉ်ပုံမှန်ခွင့်ပြုချထားပေးနေကြောင်း မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ထုတ်ပြန်ချက်အရ သိရသည်။

အသင်းဝင်ကုမ္ပဏီများမှ တင်ပြလာသည့် သွင်းကုန်လိုင်စင်များကို လစဉ် သတ်မှတ်ခွင့်ပြုသည့် ပမာဏအပေါ် တင်သွင်းသူများအား တန်းတူညီမျှသည့်ပမာဏရရှိရေးအတွက် အချိုးကျခွဲဝေမှုနှင့် စိစစ်ပြီး ကုန်သွယ်ရေးဦးစီးဌာနသို့ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက စုစည်းတင်ပြကြောင်း သိရသည်။

‘ပြည်ပကနေ ဆေးပစ္စည်းတွေ တင်သွင်းရာမှာ အသင်းဝင်ကုမ္ပဏီများအနေနဲ့ လိုင်စင်ရရှိတာနဲ့ မှာယူတင်သွင်းကြတယ်။ ကုန်သွယ်ရေးဦးစီးဌာနကလည်း သွင်းကုန်လိုင်စင်တွေကို ပမာဏတစ်ခုနဲ့ လစဉ် ပုံမှန်စိစစ်ခွင့်ပြုချထားပေးတာတွေကြောင့် ဈေးကွက်မှာ ကာလကြာရှည် ပစ္စည်းပြတ်လပ်တာမရှိသလို ဈေးကွက်တည်ငြိမ်ပါတယ်’ဟု ၎င်းအသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်သူ့ဆေးရုံများတွင် တက်ရောက်ဆေးကုသနေသော လူနာများ သုံးစွဲရန် လိုအပ်သည့်ဆေးဝါးများ ပြတ်လပ်မှုမရှိစေရန် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ စသည့် ရောဂါများအတွက် ကုသမှုဆိုင်ရာ ဆေးဝါးများ၊ ကျောက်ကပ်ဆေးရန် လိုအပ်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းများကို ပုံမှန်တင်သွင်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို သက်ဆိုင်ရာ ဌာနများထံ ထောက်ခံတင်ပြပေးခြင်း၊ ဆက်သွယ်ပေးခြင်းများကို အသင်းမှ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အသင်းအနေဖြင့် ဆေးဝါးနှင့် ဆေးပစ္စည်းဈေးကွက်တွင် ပုံမှန်ဝယ်ယူ ရရှိနိုင်ရေးအတွက် တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ လက်လီ၊ လက်ကားအရောင်းဆိုင်များနှင့် ပုံမှန်တွေ့ဆုံခြင်း၊ တိုက်တွန်းနှိုးဆော်စာများ၊ အသိပေးစာများ အပတ်စဉ်ပေးပို့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**

✱-✱-✱-✱-✱-✱-✱

## စာရေးဆရာမြသန်းတင့်ရေးသားသော ကေရီဖွားစောစာအုပ်အား စာဖတ်ဝိုင်းပြုလုပ်

**အမရပူရ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု Community Center ခန်းမတွင် ဩဂုတ် ၁၅ ရက် နံနက် ၁၁နာရီက အမရပူရမြို့နယ် စာရေးဆရာ အသင်းနှင့် ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး စာဖတ်ဝိုင်းပြုလုပ်ခဲ့ရာ စာရေးဆရာမြသန်းတင့် ရေးသားသည့် ဧကရီဖွားစောစာအုပ်ကို ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ စာဖတ်ဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးမင်းက ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး စာဖတ်ဝိုင်းကို ချမ်းအေးသာစံမြို့နယ် စာရေးဆရာ အသင်းမှ စာရေးဆရာမ ဒေါ်နုနုကြည်(အမေ့အိမ်)နှင့် စာရေးဆရာ စိုင်းအောင်မိန်း(မိုတိုင်း)တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ တက်ရောက်လာသော စာရေးဆရာများနှင့်စာပေချစ်သူများက ဖွားစော



အကြောင်း စာရေးဆရာအများစု ရေးသားခဲ့ကြသော်လည်း ဆရာကြီး မြသန်းတင့်၏ စာပေအရေးအသား၊ အနုစိတ်သာရများကို အတုယူသင့်ကြောင်း ဆရာကြီး၏ အတွေးအခေါ်အယူအဆများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ) ဖိုးသီဟ(အမရ )**

## မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲပြုလုပ်

**မြင်းခြံ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉နာရီက ပြုလုပ်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်ခင်နှင်းအေးက ကျောင်းကျန်းမာရေးသီတင်းပတ်တွင် ပညာရေးကဏ္ဍမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင်ပြည်သူ့ကျန်းမာ



ရေးဦးစီးဌာနမှူး ဒေါက်တာဇင်မာသန်းထွန်းက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ပြုလုပ်ပေးခြင်းနှင့် မြို့နယ်အတွင်း ကျောင်းကျန်းမာရေးလှုပ်ရှားမှုများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇင်မာသန်းထွန်း ဦးဆောင်၍ ကျန်းမာရေးနှင့် ပတ်သက်သည့် လူငယ်စကားဝိုင်း ပြုလုပ်ခဲ့သည်။ ထို့နောက် မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၆)**




ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

## ကျောင်းစာကြည့်တိုက်လုပ်ငန်းအဆင့်မြှင့်တင်ခြင်းနှင့် မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာဦးစီးဌာန၊ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်လုပ်ငန်း အဆင့်မြှင့်တင်ခြင်းနှင့် မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၊ အလင်းသစ်စာကြည့်တိုက်ရှေ့၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဦးစိုးတင့်လွင်က ကျောင်းစာကြည့်တိုက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလင်းသစ်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ရှမ်းပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းအတွင်းရေးမှူး ဒေါ်ရွှေရွှေမြင့်နှင့် မြို့နယ်စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်စန္ဒာသက်တို့က ပေးအပ်လှူဒါန်းရာ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် စာကြည့်တိုက်တာဝန်ခံတစ်ဦးက လက်ခံရယူခဲ့သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၊ အလင်းသစ်စာကြည့်တိုက်တွင် စာအုပ်များကို မျိုးတူစုခွဲခြားထားရှိမှု၊ ကတ်တလောက်ရေးသွင်းထားရှိမှု၊ စာကြည့်တိုက်အတွင်း ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(ယာပုံ) မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ကြေးမုံ

### သစ်ပင်စိုက်ကြစို့

\- - - - - - - - - - - - - - - - -

* မိုးဝသန် ရာသီလမှာဖြင့်
စိုက်ပျိုးကြ သစ်ပင်တွေ။

* စိမ်းစိုစို အရိပ်ကောင်း
ငြိမ့်ညောင်းအေးစေ။

* မျိုးဆက်သစ်များ လူငယ်
တို့ရည်ရွယ် နှလုံးသွင်း။

* လုပ်အားညီ အတူလက်တွဲကာ
ဆင်နွှဲချက်ချင်း။

* မိုးရာသီကာလအတွင်းမှာလ
ပြုလုပ်ခြင်းသင့်တော်သည်။

* မိုးရေမှန်ရွာသွန်းဖြိုး
စိုက်ပျိုးသင့်ပြီ။

* နှစ်ရှည်လည်း စိုက်ပျိုးလေ
ကြိုးစားလေ ပြည်သူများ

* စုပေါင်းကာ သစ်ပင်စိုက်လို့
ဖိုးထိုက်စေသား ။ ။

**မောင်မောင်လင်းထွန်း(နန်းတော်ရှေ့)**





## မန္တလေး၊ ယူနန်ဘုံကျောင်း အားကစားအဖွဲ့က စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ (၁၂)နှစ်မြောက်၊ ဆဋ္ဌမပတ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၆နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မစိုးရိမ်တိုက်သစ်မှ ဒုတိယအကြိမ် အပါး ၂၀၀နှင့် မန္တလေး တောင်ခြေ၊ မျိုးချစ်ကျောင်းမှ အပါး ၅၀၊ စုစုပေါင်း သံဃာတော် အပါး ၂၅၀တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့နှင့်အတူ ယူနန်ဘုံကျောင်းအားကစားအဖွဲ့က ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၉၃)**

## ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း ၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများက စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ကွယ်လွန်သူ ဦးအောင်ဝင်း၊ ဦးစိုးညွန့်၊ ဒေါ်စန်းစန်းမြင့်တို့အား ရည်စူး၍ အလှူရှင် ဒေါ်ခင်ပြုံးကြည်၊ ဒေါ်ထွေးထွေးညွန့်နှင့် ကျန်ရစ်သူမိသားစုတို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၂၈) ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဘဲဥ၊ ပဲ၊ ကုလားဟင်း၊ ငါးခြောက်ငရုတ်သီးကြော်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှစတင်၍ လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

✱-✱-✱-✱-✱

✱-✱-✱-✱-✱-✱



## ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး ပြန်လည်တည်ဆောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်

**တပ်ကုန်း ဩဂုတ် ၁၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် မန္တလေးမြေငလျင်ကြောင့် ပျက်စီးခဲ့သည့် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်ရေးအတွက် နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ ဦးဆောင်၍ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးအေးလှူက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးဝင်းထွဋ်အောင်က တည်ဆောက်မည့် လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီးနောက် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥပဇ္ဈာယ်ဆရာအဖွဲ့ဥက္ကဋ္ဌ၊ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အလှူရှင် ၉၄ဦး၏ အလှူငွေများ လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တပ်ကုန်းမြို့နယ် ကျက်သရေဆောင် ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်မည့် အဆောက်အအုံမှာ အလျား ၁၄၄ ပေ၊ အနံ ၆၈ ပေ၊ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး၊ ပထမအကြိမ် အလှူငွေကျပ်သိန်းပေါင်း ၁၃၄၆၇၃၇၉၁ ရရှိကြောင်း သိရသည်။



**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်၍ လူနာများအား အခမဲ့ကုသပေး

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်းတွင် ချမ်းမြေ့အေးကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ခေမာရာ၊ ညောင်းရမ်းကျောင်း ဆရာတော် ဘဒ္ဒန္တခေမာသီရိ၊ စစ်ကိုင်းကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတ (ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ) တို့ ဦးစီးဖွင့်လှစ်သော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းကို အပတ်စဉ် စနေနေ့ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဖွင့်လှစ်၍ အခမဲ့ဆေးကုသမှုပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက သံဃာတော်များနှင့် လူနာ ၁၅၀ကျော်အား အခမဲ့ကုသမှုပေးနိုင်ခဲ့သည်။

မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းတွင် အထွေထွေရောဂါကုဆရာဝန် ၂ ဦး၊ သူနာပြုအကူဆရာမ ၈ဦးတို့ဖြင့် ကုသပေးလျက်ရှိပြီး မြဇေယျာကုသိုလ်ဖြစ်ဆေးခန်းအား အပတ်စဉ် စနေနေ့ နံနက် ၉နာရီမှ ၁၂နာရီအထိနှင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင်ဖွင့်လှစ်ထားကြောင်း လှူဒါန်းလိုကြသော စေတနာရှင်များ အနေဖြင့် ဖုန်း ၀၉-၂၀၂၆၄၂၇၊ ဖုန်း ၀၉-၄၀၂၅၇၉၉၀၀၊ ဖုန်း ၀၉-၂၀၅၃၀၁၂ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၅၃)**

✱-✱-✱-✱-✱-✱



## မန္တလေးပြည်သူ့ဆေးရုံကြီး ကင်ဆာဌာနသို့ ECG စက်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၇**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန မန္တလေးပြည်သူ့ဆေးရုံကြီး ကင်ဆာဌာနသို့ ဆေးရုံသုံး ECG စက်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၆ရက် နံနက် ၉နာရီက ဆေးရုံအုပ်ကြီးရုံးတွင် ကျင်းပရာ အလှူရှင် အောင်သမာဓိစိန်ရွှေရတနာဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်းမိသားစုများကိုယ်စား ဒါရိုက်တာဦးလှဟန်က လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး ECG စက်များ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်သည်။



ဆက်လက်၍ အလှူရှင်မိသားစုသည် ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ကင်ဆာဝေဒနာရှင် လူနာ ၈၇ဦးအား ဆေးဖိုးနှင့် စားသောက်ဖွယ်ရာများအား ပေးအပ်လှူဒါန်းရာ ဆေးလှူမှုဆက်ဆံရေးဌာနမှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(၀၄၅)**

✱-✱-✱-✱-✱-✱

မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည်
လှူဒါန်း။

❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့်ရော်ဘာတို့မှ ထုတ်လုပ်သည့် ကုန်ချောပစ္စည်းများကို တင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက်တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်...

❖ ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်ခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တိုင်းရင်းသားရေးရာစင်တာ ကြည့်ရှုစစ်ဆေး





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အဖွဲ့ဝင်များအား တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာစင်တာ Ethnic Center တည်ဆောက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

ထားဝယ် ဩဂုတ် ၁၇

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ဆန်းချီရပ်တွင် တည်ဆောက်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာစင်တာ Ethnic Centerကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Successful TMA Construction Co;Ltd. တာဝန်ခံ အင်ဂျင်နီယာက Ethnic Center တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က Ethnic Center ၌ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ပွဲတော်များ၊ အထိမ်းအမှတ် အခမ်းအနားများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက Ethnic Center တည်ဆောက်နေမှုနှင့် ပတ်သက်၍ လိုအပ်သည်များမှာကြားပြီး တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ထားဝယ်မြို့ ဆန်းချီရပ်ရှိ Ethnic Center တွင် RC နှစ်ထပ်ပေ (၅၀x ၆၀) အဆောက်အအုံနှင့် အခြားဆက်စပ်လုပ်ငန်းများ (Roof Slab နှင့် Extension Roof) တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၄၂ဦးတို့အား ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ဦးတို့အား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၀ တို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**



## မြန်မာနေရှင်နယ်လိဂ်အဖွင့်ပွဲစဉ်တွင် ရတနာပုံကို ၁-၀ ဂိုးဖြင့် အနိုင်ရရှိပြီး ရမှတ်ပြည့်ရယူခဲ့သည့် ရန်ကုန်ယူနိုက်တက်




ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့ ညနေပိုင်းက YUSC ကွင်းတွင် ရတနာပုံအသင်းနှင့် မြန်မာနေရှင်နယ်လိဂ် ပထမဦးဆုံးပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်အသင်းက မိုဂူး၏ တစ်လုံးတည်းသော သွင်းဂိုးနှင့် အနိုင်ရရှိခဲ့သည်။

ပွဲစပြီး ၁၁ မိနစ်အကြာတွင် ရန်ကုန်အသင်း အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး အိုတိုဆိုင်တို၏ ၁၈ကိုက်စည်းထိပ်သို့ ပေးပို့မှုကို မိုဂူးက ဘယ်ခြေနှင့်အပိုင်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂ မိနစ်အကြာတွင် ရန်ကုန်အသင်း ဂိုးသမား ဇင်ညီညီအောင်က ပြည်မိုး၏ ကန်သွင်းချက်ကို ၁၈ကိုက်စည်းကျော်ပြီး လက်ဖြင့်ပုတ်ထုတ်ကာကွယ်ခဲ့သည့်အတွက် တိုက်ရိုက်အနီကတ်ဖြင့် ထွက်ခဲ့ရသည်။

ထို့နောက် အိုတိုင်ဆိုင်တိုအစား ဆန်းဆက်နိုင် လူစားလဲဝင်ရောက်ကစားခဲ့ပြီး ပွဲကို ကစားသမား ၁၀ယောက်နှင့် အကောင်းဆုံးဆက်လက်ကစားခဲ့သည်။ ရန်ကုန်အသင်း ထပ်မံတိုက်စစ်ဆင်ကစားခဲ့ပြီး ဟားမား တစ်ဦးတည်း အပိုင်ကန်သွင်းရန် ကြိုးစားခဲ့ရာ နောက်တန်းဖျက်ထုတ်ခဲ့သဖြင့် ဒုတိယဦးဆောင်ဂိုးရခွင့် နစ်နာခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်း တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့ကာ တစ်ဖက်အသင်းမှ ချေပဂိုးရရှိရန် ကြိုးစားမှုများကို ဂိုးသမား ဆန်းဆက်နိုင်က အကောင်းဆုံးကာကွယ်နိုင်ခဲ့ပြီး ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိဘဲ ပွဲကို ၁-၀ဂိုးဖြင့် အဆုံးသတ်ပြီး အနိုင်သုံးမှတ် ရယူခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၁ပွဲကစား၊ ၁ပွဲနိုင်နှင့် ရမှတ် ၃မှတ်ပြည့်ရရှိလားပြီး လာမည့် ၂၃ ရက်နေ့၊ YUSC ကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(NGB)